# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၂၄ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၃၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စက်မှုဇုန်များနှင့် MSME လုပ်ငန်းများအပါအဝင် ကုန်ထုတ်လုပ်နိုင်သည့် နယ်ပယ်ပေါင်းစုံတို့က အရည်အသွေးမြင့် ပို့ကုန်တိုးတက်ထုတ်လုပ်တင်ပို့နိုင်အောင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သလို ဇုန်များအလိုက်လည်း ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၃

မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူး စီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး

*စာမျက်နှာ ၃ ကော်လံ ၁* ✪



❂ *ရှေ့ဖုံးမှ*

ဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ကြိုးပမ်းဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ဗဟိုအဖွဲ့အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးဖြစ်ပြီး ပြီးခဲ့သည့်နှစ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း သုံးသပ်သွားရန်လိုကြောင်း၊ မြန်မာအထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ(၂၀၁၄) နှင့် နည်းဥပဒေများအပေါ်အခြေခံပြီး ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်များအားလုံးကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွေဖည်မှုမရှိအောင် ဂရုပြုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အစည်းအဝေးများ ကျင်းပမှုကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပခြင်းဖြစ်သည့်အတွက် ရှုထောင့်ပေါင်းစုံမှ တက်ရောက်လာကြသည့် အဖွဲ့ဝင်အားလုံးကလည်း လိုအပ်ချက်များ၊ ဖြည့်စွက်ချက်များကို တတ်နိုင်သမျှ ပါဝင်ဆွေးနွေးပေးကြရန် ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက်များချမှတ်ပြီး ဆောင်ရွက်ရာတွင် အထူးစီးပွားရေးဇုန်အသီးသီး၏ ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုများကလည်း နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက်များနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်များပြားခြင်းသည် အဓိက အရေးပါသည့်အချက်နှစ်ချက်အဖြစ် ပါဝင်ပါကြောင်း၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က မကြာခဏ တိုက်တွန်းမှာကြားလျက်ရှိသည့် ကုန်ထုတ်လုပ်မှုအပိုင်းနှင့် ပို့ကုန်တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးကိစ္စတို့တွင် အထူးစီးပွားရေးဇုန်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စက်မှုဇုန်များနှင့် MSME လုပ်ငန်းများအပါအဝင် ကုန်ထုတ်လုပ်နိုင်သည့် နယ်ပယ်ပေါင်းစုံတို့က အရည်အသွေးမြှင့် ပို့ကုန်တိုးတက်ထုတ်လုပ်တင်ပို့နိုင်အောင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သလို ဇုန်များအလိုက်လည်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအပိုင်း၌ အောင်မြင်ပြီး သီလဝါစီးပွားရေးဇုန်နှင့် လုပ်ငန်းစတင်ဆောင်ရွက်နေပြီဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ ပိုမိုရင်းနှီးမြှုပ်နှံလာအောင် စည်းရုံးဆွဲဆောင်ကြရမည်ဖြစ်ကြောင်း၊ အလားတူ ထားဝယ်စီးပွားရေးဇုန်နှင့်ပတ်သက်၍လည်း ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြသည့် Developer များကို နည်းမျိုးစုံဖြင့် ဖိတ်ခေါ်လျက် ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးရရှိရေး သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ အထူးစီးပွားရေးဇုန်အလိုက် စီမံခန့်ခွဲမှု ကြီးကြပ်ရေးကော်မတီများက ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**မျက်ခြည်မပြတ်ကြပ်မတ်စီမံဆောင်ရွက်နေ**

မိမိတို့နိုင်ငံရှိ အထူးစီးပွားရေးဇုန် သုံးခုအနက် သီလဝါအထူးစီးပွားရေးဇုန်မှာ အောင်မြင်မှုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော်ခန့်ရှိသည်ဆိုသော်လည်း အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုပမာဏ နည်းနေသေး၍ ရောက်ရှိသည့် အခြေအနေအပေါ် ကျေနပ်မနေဘဲ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်အောင် နည်းလမ်းပေါင်းစုံဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ရှိပြီးရင်းနှီးမြှုပ်နှံမှုများကို မဆုံးရှုံးအောင်လည်း မိမိတို့ဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်အပေါ် အာဏာအလွဲသုံးမှု၊ တရားမဝင်ကုန်သွယ်မှု၊ ငွေကြေးအလွဲသုံးမှုနှင့် စီမံခန့်ခွဲမှုချို့ယွင်းအားနည်းမှုတို့ မဖြစ်ပေါ်စေရေး တာဝန်ရှိသူအဆင့်ဆင့်မှ မျက်ခြည်မပြတ် ကြပ်မတ်စီမံဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်၊ လက်ရှိအောင်မြင်စွာ ဆောင်ရွက်နေသည့် သီလဝါအထူးစီးပွားရေးဇုန်တို့ကို ယခုထက် တိုးတက်အောင်မြင်အောင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ဗဟိုကော်မတီတွင်ပါဝင်သည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆက်လက်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် Free Zone နှင့် Promotion Zone ရှိကြောင်း၊ Free Zone တွင် နိုင်ငံခြားသုံးငွေနှင့်စပ်လျဉ်း၍ အခက်အခဲမရှိသော်လည်း Promotion Zone တွင် ကုန်ကြမ်း၊ ချေးငွေများနှင့် စပ်လျဉ်း၍ အချို့အခက်အခဲများအား သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံခြားသုံးငွေကြေးကြပ်မှုကော်မတီတို့က အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း အသိအမှတ်ပြုပါကြောင်း။

အလားတူ ကျောက်ဖြူအထူးစီးပွားရေးဇုန်ရှိ အဓိကဆောင်ရွက်ရမည့် မြေလျော်ကြေးကိစ္စနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် မူဝါဒရရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အမြန်ဆုံး ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

**ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဝိုင်းဝန်းဆောင်ရွက်**

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ညှိနှိုင်းဆွေးနွေးမှု အောင်မြင်ခဲ့ပြီး Long Stop Date သက်တမ်း ၁၈ လသက်တမ်း ထပ်မံတိုးမြှင့်ရာ ယခုအခါ လေးလကျော်ငါးလရှိပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ကာလအတွင်း မိမိတို့အပိုင်းမှ ပြီးပြတ်ရမည့်ကိစ္စ၊ နောက်ပိုင်းမှ လုပ်ဆောင်ပေးရမည့် ကိစ္စများကိုလည်း ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ဆောင်ရွက်ရမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီ၊ အဖွဲ့အစည်းများကလည်း ၎င်းတို့၏ လုပ်ငန်းအစီအမံများပါအတိုင်း ဆောင်ရွက်ရေးကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အရေးကြီးသည်မှာ Long Stop Date ၁၈ လတာ ကာလအတွင်း နှစ်ဦးနှစ်ဖက်ဆောင်ရွက်ရန် ကိစ္စများကို ပြီးပြတ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

**ရည်မှန်းချက်ထားဆောင်ရွက်**

ဆက်လက်ဆောင်ရွက်ရမည့် အထူးစီးပွားရေးဇုန်များကိုလည်း မလိုလားအပ်သည့် လုပ်ငန်းကြန့်ကြာမှု၊ ကိုင်တွယ်မှုများနှင့်ပတ်သက်၍ အခက်အခဲမရှိအောင်နှင့် လုပ်ငန်းအဆင်ပြေချောမွေ့အောင် လုပ်ငန်းပိုင်း၊ နည်းဥပဒေနှင့် ဥပဒေအရပါ သေချာနားလည်အောင် ရှင်းလင်းပြသပြီး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်မှ လိုအပ်သည့် ကုန်ကြမ်းများကို နိုင်ငံခြားမှ တင်သွင်းမှုများရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း၊ အခက်အခဲသတ်မှတ်ချက် အနည်းဆုံးဖြစ်အောင် ဆက်လက်စီမံဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သီလဝါအထူး စီးပွားရေးဇုန်မှ လိုအပ်သည့် ကုန်ကြမ်းများကို မိမိတို့နိုင်ငံတွင်ရှိနေသည့် MSME လုပ်ငန်းများမှ ပြည်တွင်း အရည်အသွေးမြင့် ကုန်ကြမ်းများ မှာယူနိုင်သည့် အဆင့်အထိ ရည်မှန်းချက်ထားဆောင်ရွက်ရန်လိုအပ်ပြီး တစ်ဖက်ကလည်း အထူးစီးပွားရေးဇုန်တွင်ရှိနေသည့် စီမံခန့်ခွဲမှုကော်မတီများက ညှိနှိုင်းစီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ MSME လုပ်ငန်းရှင်များ၊ အေဂျင်စီများကို သက်ဆိုင်ရာဝန်ကြီးချုပ်များက တွန်းအားပေးပြီး ဒေသတွင်းထုတ်ကုန်များကို အရည်အသွေးမြင့်သည့် ကုန်ကြမ်းအဖြစ် အထူးစီးပွားရေးဇုန်များနှင့် ချိတ်ဆက်ပြီး ပေးသွင်းနိုင်ရေး အထူးစီးပွားရေးဇုန် တစ်ခုလုံးအတွက် လိုအပ်သည့်ကုန်ကြမ်းအားလုံးကို ပြည်ပသွင်းကုန် အစားထိုးထောက်ပံ့ပေးနိုင်သည်အထိ ရည်မှန်းချက်ထား ဆောင်ရွက်သွားကြရန် ပြောလိုကြောင်း။

**လက်တွဲညီညီကြိုးစားသွားရမည်**

၂၀၂၄ ခုနှစ်၊ မတ်လစာရင်းအရ MSME လုပ်ငန်းမှ ထွက်ရှိသည့် ကုန်ပစ္စည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မှုတွင် မြန်မာကျပ်ငွေ ၂ ဒသမ ၁ ဘီလီယံကျော်ရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ယခုထက်ပို၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်အစားထိုးသွင်းကုန်ပစ္စည်းများ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီအဖွဲ့နှင့် လုပ်ငန်းကော်မတီအဖွဲ့များ၊ MSME လုပ်ငန်းအဖွဲ့များကပါ လက်တွဲညီညီ ကြိုးစားသွားရမည် ဖြစ်ကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း အကောက်ခွန်ရရှိမှုမှာ ငွေကျပ် ၃၆ ဒသမ ၉၉၀ သန်းကျော်၊ ကုန်သွယ်လုပ်ငန်းခွန်ဝင်ငွေမှာ ငွေကျပ် ၄ ဒသမ ၆ ဘီလီယံ၊ ကြိုတင်ဝင်ငွေခွန် ငွေကျပ် ၇၆၀ ဒသမ ၆၈၀ သန်း ရှိသည်ကို တင်ပြလာသည့် စာရင်းများအရ သိရှိရကြောင်း၊ မတ်လအတွင်း ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၄၉ သန်းဖြစ်ပြီး သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ၂၇၈ သန်း ဖြစ်ကြောင်း၊ ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုး ကွာခြားချက်များအား လျှော့ချနိုင်ရန် Promotion Zone တွင်ရှိသည့် ကုမ္ပဏီများကို ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့မှုများ ပိုမိုဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် စီမံခန့်ခွဲမှုကော်မတီက ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**အချိန်တိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်**

သီလဝါအထူးစီးပွားရေးဇုန်တွင်ရှိသည့် ကုမ္ပဏီများအနေဖြင့် ၎င်းတို့ကိုယ်ပိုင် Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုနှင့် ပတ်သက်၍ အားပေးရမည်ဖြစ်ကြောင်း၊ ဇုန်များတွင် Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပါက အခြားလိုအပ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လျှပ်စစ်ဓာတ်အားကို ယခုထက်ပို၍ အချိန်တိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း။

> **“ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်၊ လက်ရှိအောင်မြင်စွာ ဆောင်ရွက်နေသည့် သီလဝါအထူးစီးပွားရေးဇုန်တို့ကို ယခုထက် တိုးတက်အောင်မြင်အောင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ဗဟိုကော်မတီတွင်ပါဝင်သည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆက်လက်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ”**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ ဂျပန်၊ ထိုင်း၊ မြန်မာ စုပေါင်းဖွဲ့စည်းထားသည့် ငွေကြေးစုစည်းထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ SPV (Special Purpose Vehicle) နှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းပြီး လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ မကြာမီဆောင်ရွက်မည့် MOI (Memorandum Of Interest) လက်မှတ်ရေးထိုးမည့်ကိစ္စတွင် ပါဝင်သင့် ပါဝင်ထိုက်သည့် အချက်များကို မိမိတို့နိုင်ငံရှိ ဥပဒေပညာရှင်များ၊ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်သူများဖြင့် သေသေချာချာ စိစစ်၍ ပြဋ္ဌာန်းချက်များနှင့်အညီ နှစ်ဦးနှစ်ဖက် Win Win Situation ဖြစ်အောင် ပြင်ဆင်ဆွေးနွေးထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် မျှော်တွေးပြီး အလေးထား ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးတွင် အထူးစီးပွားရေးဇုန်များ ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်သွားရမည့် အစီအမံများကို တင်ပြပေးရန်နှင့် တက်ရောက်လာကြသူများက လိုအပ်သည့် အကြံပြုချက်များကို ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဝန်ကြီး ဦးမင်းမင်းက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အတွင်းရေးမှူး (၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၌ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် အတွင်းရေးမှူး (၂) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့က မြန်မာအထူးစီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အတည်ပြုချက်ရယူ**

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးနှင့် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြအတည်ပြုချက်ရယူသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ပညာရေးကဏ္ဍ လှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး လူမှုရေးကဏ္ဍ လှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ် စီးပွားရေးကဏ္ဍ လှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ကချင်ပြည်နယ်အား ဆုပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် မေ ၂၃

**မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်သည်။**

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**လူဦးရေ ၅၄ သန်းကျော်အနက် ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့် ကလေးများဖြစ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော် ရှိသည့်အနက် ၆၀ ရာခိုင်နှုန်း ကျော်သည် မိခင်နှင့် ကလေးများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစတစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးများ သေနှုန်းသည် နိုင်ငံတော်၏ အရေးကြီးသည့် ကျန်းမာရေး အညွှန်းကိန်းတစ်ခု ဖြစ်ပါကြောင်း၊ မိခင်နှင့် ကလေးသေဆုံးမှုနှုန်းကို လျှော့ချနိုင်သည်နှင့်အတူ မိမိတို့နိုင်ငံ၏ မျှော်မှန်းလူ့သက်တမ်းသည်လည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မိခင်နှင့် ကလေး ကျန်းမာရေးကိစ္စ၊ ပြည်သူတစ်ရပ်လုံး ကျန်းမာပြီး သက်တမ်းရှည်စွာနေနိုင်ရေး ကိစ္စများကို ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များအဖြစ် လမ်းညွှန်ထားရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မိခင်နှင့် ကလေးကျန်းမာရေးမှအစပြု၍ ကျောင်းကျန်းမာရေး၊ ဆယ်ကျော်သက်အရွယ် ကျန်းမာရေး၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေး၊ သက်ကြီးရွယ်အိုကျန်းမာရေး စသည့် ဘဝတစ်သက်တာ ကျန်းမာရေးစောင့်ရှောက်မှုပုံစံဖြင့် ကျန်းမာရေး



ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ကျန်းမာရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအား ဆုပေးအပ်ချီးမြှင့်စဉ်။

စောင့်ရှောက်မှုများ ပေးအပ်လျက်ရှိပြီး မိမိတို့နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရေးအတွက် မူဝါဒချမှတ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကဲ့သို့ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည် အထူးပင် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ဆောင်ချက်များသည် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များနှင့် ဆက်စပ်နေပြီး ဝန်ကြီးဌာနကို အားဖြည့်ကူညီ ဆောင်ရွက်နေသည့်အတွက် မှတ်တမ်းတင်ဂုဏ်ယူအပ်ပါကြောင်း။

**ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးကြစေလို**

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ အဓိက လုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူးပြီး ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တစ်မျိုးသားလုံး မျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူများနှင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းကြီးအနေဖြင့် နိုင်ငံတော် တည်ဆောက်ရေးပန်းတိုင်အရောက် ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဌာန၊ မိတ်ဖက်အဖွဲ့အစည်းများဖြင့် လက်တွဲညီညီ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

**ကဏ္ဍကြီး (၄)ရပ် လှုပ်ရှားမှုအတွက် ကဏ္ဍအလိုက် ထူးချွန်ဆုများချီးမြှင့်**

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေး စသည့်ကဏ္ဍကြီး (၄)ရပ် လှုပ်ရှားမှုအတွက် ကဏ္ဍအလိုက် ထူးချွန်ဆုများချီးမြှင့်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ပညာရေးကဏ္ဍ လှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးနှင့် နှစ်သိမ့်ဆု ရရှိသည့် ကယားပြည်နယ်တို့မှ မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကို ဆုများ ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက လူမှုရေးကဏ္ဍ လှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို လည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က စီးပွားရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့မှ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့များကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ မိခင်နှင့် ကလေး

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

စောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် ကိုယ်ဝန်ဆောင် မိခင်များကို အာဟာရဖြစ်စေမည့် အစားအစာများ ထောက်ပံ့ပေးပြီး (၅) နှစ်အောက် ကလေးငယ်များအား အမီလိုက် ကာကွယ်ဆေးများ တိုက်ကျွေးပေးကာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**အမှာစကားပြောကြား**

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးက ၂၀၂၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို လည်းကောင်း၊ အသင်းဘဏ္ဍာရေးမှူးက ၂၀၂၂ - ၂၀၂၃ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၂၃ - ၂၀၂၄ ရသုံးမှန်းခြေစာရင်းကို လည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

**ဆွေးနွေးအတည်ပြု**

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၂၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာ အလုပ်သမားဝန်ကြီးများအစည်းအဝေးတက်ရောက်

**နေပြည်တော် မေ ၂၃**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် လာအိုနိုင်ငံ၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဆိုင်ရာ ဝန်ကြီးဌာနက ဦးဆောင်၍ online ဖြင့် ကျင်းပသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာ (၄) ကြိမ်မြောက် အလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။






အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာ အလုပ်သမားဝန်ကြီးများအဆင့် ပူးတွဲကြေညာချက်ကို အတည်ပြုချမှတ်နိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် မိမိတို့နိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာ အကျိုးပြုလျက်ရှိသော်လည်း အထောက်အထားမဲ့ ရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် အခြေခံလူမှုဖူလုံရေး အစီအစဉ်များ ပါဝင်နိုင်ရန်အတွက် အခက်အခဲများစွာဖြင့် ရင်ဆိုင်လျက်ရှိပါကြောင်း၊ ရွှေ့ပြောင်း အလုပ်သမားများအားလုံး တရားဝင်လမ်းကြောင်းများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်စေရေး၊ လူမှုကာကွယ်ရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ အကျိုးခံစားခွင့်များကို သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းအရ ပြည်သူလူထုအားလုံးအနေဖြင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ရရှိပိုင်ခွင့်ရှိပါကြောင်း၊ ထို့အပြင် ရွှေ့ပြောင်းအလုပ်သမားများအတွက် လွှဲပြောင်းရယူနိုင်သော လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ရရှိခံစားနိုင်ရေး အကောင်အထည်ဖော်မည့် အစီအမံများ ဆောင်ရွက်နိုင်ရန် တစ်ကမ္ဘာလုံးဆိုင်ရာဘေးကင်း၍ စနစ်ကျသည့် ပုံမှန် ရွှေ့ပြောင်းသွားလာမှုများ ဖြစ်ပေါ်လာစေရေးအတွက် ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ အတည်ပြု ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအသင်း International Social Security Association (ISSA) အဖွဲ့သို့ ၁၉၅၇ ခုနှစ်မှစတင်၍ ဝင်ရောက်ခဲ့ပါကြောင်းနှင့် အာဆီယံလူမှုဖူလုံရေး အဖွဲ့အစည်းသို့ ၂၀၁၅ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် အလုပ်သမားများအားလုံး၏ လူမှုဖူလုံရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ မိမိတို့အားလုံး၏ ကတိကဝတ်များနှင့် စုပေါင်းဆုံးဖြတ်ချက်များဖြင့် အမျိုးသားအဆင့်နှင့် ဒေသတွင်းအဆင့်တွင် ထိရောက်ကောင်းမွန်သည့် လွှဲပြောင်းရယူနိုင်သော လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ရရှိခံစားနိုင်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ကြီး၏ စည်းလုံးညီညွတ်သည့် ကောင်းမွန်သောစိတ်ဓာတ်နှင့်အတူ ရွှေ့ပြောင်းအလုပ်သမားများ၏ လူနေမှုဘဝနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်လာစေရေး၊ ပိုမိုကြွယ်ဝချမ်းသာလာသည့် ဒေသဖြစ်စေရေးတို့အတွက် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် နံနက်ပိုင်းတွင် ကျင်းပသည့် (၇) ကြိမ်မြောက် အဆင့်မြင့်အလုပ်သမား အရာရှိကြီးများ အစည်းအဝေးသို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း တက်ရောက်ခဲ့ပြီး နိုင်ငံတစ်နိုင်ငံချင်းစီ၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အခြေအနေများနှင့် ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များ၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အကျိုးခံစားခွင့်များ လွှဲပြောင်းရယူနိုင်သည့် လူမှုဖူလုံရေးစနစ်နှင့်စပ်လျဉ်း၍ ကောင်းမွန်သည့် ကျင့်သုံးမှုများ၊ အတွေ့အကြုံများနှင့်ပတ်သက်၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာ ကြေညာစာတမ်းအပေါ် ဆွေးနွေးခြင်းနှင့် အကြံပြုသုံးသပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ကျင်းပသည့် (၄) ကြိမ်မြောက် အလုပ်သမားဝန်ကြီးများ အစည်းအဝေး၌ လာအိုပြည်သူ့သမ္မတနိုင်ငံ အလုပ်သမားရေးရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူက (၇) ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးမှုများကို အနှစ်ချုပ်ဆွေးနွေးခဲ့မှုအပေါ် တက်ရောက်လာသည့် ဝန်ကြီးများက ဆွေးနွေးအကြံပြု သုံးသပ်ခဲ့ကြပြီး ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာ အလုပ်သမားဝန်ကြီးများအဆင့် ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ကြသည်။


အစည်းအဝေးများသို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများရှိ အလုပ်သမားဝန်ကြီးများနှင့် အဆင့်မြင့်အလုပ်သမားအရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ဘားအံ မေ ၂၃**

"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ " ဆောင်ပုဒ်ဖြင့် ကရင်ပြည်နယ်၏ ၂၀၂၄ - ၂၀၂၅



ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီက ဘားအံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ ကျင်းပသည်။ (ဓာတ်ပုံ)

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ပညာသင်ကြားမှုအခွင့်အလမ်းအတွက် အခြေခံပညာကဏ္ဍတွင် အစိုးရအခြေခံပညာကျောင်းများအပြင် ဘုန်းတော်ကြီးသင်ကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများကို ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်မှုများနှင့်အညီ ဖွင့်လှစ်သင်ကြားခွင့်ပေးထားပြီး ကရင်ပြည်နယ်၏ ပညာရေးဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန် ပညာရေးဆိုင်ရာ ဝန်ထမ်းအားလုံး အတူတကွ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က ကျောင်းအပ်နှံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သည့် မူလတန်းကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ခဲတံ၊ ဘောပင်များကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ရွှေရတုခန်းမဆောင်နှင့်တွဲ၍ ဧည့်ခံဆောင်တိုးချဲ့တည်ဆောက်မည့် မြေနေရာနှင့် အဆိုပြုပုံစံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်လက်ခံနေမှု၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများကလာရောက်ကျောင်းအပ်နှံနေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် မေ ၂၃

**ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) ၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစား မောင်/မယ် များအနေဖြင့် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အောင်နိုင်ရေးအတွက် မိမိတို့၏အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ်အပြည့်အဝနှင့် အနိုင်မခံ အရှုံးမပေးဘဲ အကောင်းဆုံးပါဝင်ယှဉ်ပြိုင် သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင် အသင်းကို အင်အားဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြ စေလိုကြောင်း ပြောကြားပြီး ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် အားကစားသမားများကအားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားအသင်းများမှအားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး **(အပေါ်ပုံ)** အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှအမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၂၈ သင်းမှ အသင်းအုပ်ချုပ်သူ/နည်းပြ၊ အားကစားသမားအင်အား စုစုပေါင်း ၂၆၉ ဦးဖြင့် ပြိုင်ပွဲကာလ မေ ၂၃ ရက်မှ ၃၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပသွားမည်ဖြစ်ရာ ပိုက်ကျော်ခြင်းကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၃

ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် လူမှုရေးရာဝန်ကြီးတို့က Zoom Application Online System ဖြင့်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌက လုပ်ငန်းကော်မတီများအနေဖြင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများကို သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး လုပ်ငန်းကော်မတီဝင် ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရများအလိုက် ရန်ပုံငွေထည့်သွင်းလျာထား၍ ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် လိုအပ်သော ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ တိုင်းဒေသကြီး/ပြည်နယ်များ၌ ယာယီနေရပ်စွန့်ခွာမှုများနှင့် အကြမ်းဖက်အဖွဲ့များ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချို့သော အခက်အခဲများ ကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ IDP၊ တိုက်ပွဲရှောင်နှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် တိမ်းရှောင်သူများ၏ အခြေခံလိုအပ်ချက်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့်စေတနာရှင် အလှူရှင်များပေါင်းစပ်၍ တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယာယီနေရပ်စွန့်ခွာသူများကို လူသားချင်းစာနာမှု အကူအညီများ ပေးအပ်နိုင်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ အကူအညီများ ရရှိလာပါက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည့် လုံခြုံရေး၊ ပို့ဆောင်ရေး၊ ဖြန့်ဝေရေး၊ မလိုလားအပ်သူများထံ ရောက်ရှိမသွားစေရေး အစရှိသည့်ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကြပ်မတ်ပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အားလုံးပူးပေါင်းပါဝင်၍ တက်ကြွစွာ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ငါးလကျော်ကာလအတွင်း စုစုပေါင်း အိမ်ထောင်စု ၄၇၈၈ စု၊ လူဦးရေ ၁၈၄၆၈ ဦးတို့ကို မူလနေရပ်များသို့ပြန်လည်ပို့ဆောင် နေရာချထားပေးနိုင်ခဲ့ပြီး ယာယီခိုလှုံရာစခန်း/ စုရပ် ၆၉ ခုကို ထပ်မံပိတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ လူသားချင်းစာနာမှု အကူအညီပေးမှုများအဖြစ် စုစုပေါင်း ငွေကျပ် ၄၇၉၀ ဒသမ ၅၈၈ သန်းတန်ဖိုးရှိ စားနပ်ရိက္ခာ၊ လူသုံးကုန်ပစ္စည်း၊ ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် အိမ်/ ကျောင်းဆောက်လုပ်ရေး ပစ္စည်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

နေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်ခြင်းများကို အဆုံးသတ်စေနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲသော နယ်မြေတည်ငြိမ်အေးချမ်းမှု အမြန်ရရှိနိုင်ရေးအတွက်လည်း ဦးတည်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း နေရပ်စွန့်ခွာသူများ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိရှိ မှီခိုမှုကင်းစွာဖြင့် ရပ်တည်နေထိုင်သွားနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသတွင်းရှိလက်နက်ကိုင်ပဋိပက္ခများနှင့် လူမှုရေးပဋိပက္ခများ လျော့နည်းပပျောက်စေနိုင်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်ဖော်ဆောင်ရာ၌ များစွာ အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့် ကော်မတီများအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏ လှူဒါန်းမှုများနှင့် ကူညီပံ့ပိုးမှုများကို စနစ်တကျစီမံခန့်ခွဲ၍ အချိတ်အဆက်မိမိနှင့် ဟန်ချက်ညီညီ ထိရောက်ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် အမျိုးသားအဆင့် ကော်မတီ ဒုတိယဥက္ကဋ္ဌက ယာယီခိုလှုံရာ စခန်း/ စုရပ်များရှိ နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှု၊ လူမှုရေးဆိုင်ရာ ပံ့ပိုးမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးမှု၊ မူလ နေရပ်သို့ ပြန်လည် နေထိုင်သူများအတွက် လတ်တလော လိုအပ်သည်များ ထောက်ပံ့ ကူညီပေးလျက်ရှိမှု၊ အမျိုးသားအဆင့် ကော်မတီတွင် ရန်ပုံငွေထူထောင်ရေး ဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် လူမှုရေးရာဝန်ကြီးတို့က လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများနှင့် ရှေ့ဆက် ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့် ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့် ကော်မတီများမှ တာဝန်ရှိသူများက အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ အမျိုးသားအဆင့် ကော်မတီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် လူဦးရေစာရင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်   မေ   ၂၃

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် လူဦးရေစာရင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းမှန်ကန်ရေးသည် အရေးကြီးကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး e-Government ဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း၍ မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစနစ်ကို အသုံးပြု၍ ၂၀၂၂ ခုနှစ် ဩဂုတ်လအထိ ရွေ့ပြောင်းစီမံချက်ဖြင့် ကောက်ယူရရှိထားသည့် အခြေခံလူဦးရေစာရင်းများကို ဆာဗာအတွင်း ထည့်သွင်းခဲ့ပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများကို သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့် ပုံစံအတိုင်း လေးကြိမ် စမ်းသပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

လက်ရှိအချိန်တွင် မြေပြင်စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီက ပေးပို့လာသည့် အသက် ၁၈ နှစ်ပြည့်ပြီး လူဦးရေစာရင်းများကို မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ် (Admin and DEO Software) နှင့် ဗဟိုမဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် (CVLMS) တို့ကို အသုံးပြု၍ မြို့နယ်အလိုက် စာရင်းထည့်သွင်းခြင်း၊ မဲရုံခွဲခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နေကြောင်း၊ ထို့ပြင် သန်းခေါင်စာရင်းကောက်ယူပြီး ရရှိလာမည့် နောက်ဆုံးလူဦးရေ စာရင်းကိုလည်း အလားတူဆောင်ရွက်ကာ မဲစာရင်းကူးပြောင်းပေးရမည် ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး၏ မဲစာရင်းများကို ဆာဗာထဲထည့်သွင်းအတည်ပြုပြီးပါက လေးလတစ်ကြိမ် ပုံမှန်ပြင်ဆင်ပေးခြင်းဖြင့် အမြဲရှင်သန်နေသောမဲစာရင်း (Dynamic Voter List) ကိုရရှိရန် ရည်မှန်းထားကြောင်း၊ DVL သည် Online တွင် အမြဲရှိနေမည်ဖြစ်ကြောင်း၊ ပုံစံ (၆၆/၆) လူဦးရေစာရင်းနှင့် မြေပြင်လူဦးရေစာရင်းမှန်မှ မဲစာရင်းမှန်မည်ဖြစ်ကြောင်း၊ လူဦးရေစာရင်းနှစ်ခု၏ သဘောသဘာဝသည် ပြောင်းလဲနေတတ်ပါကြောင်း၊ မဲစာရင်းကိုလည်း မကြာမကြာ ပြင်ပေးနေရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြေပြင်စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏ အသက် ၁၈ နှစ်ပြည့်ပြီး လူဦးရေစာရင်းများကို CVLMS နှင့် DEO Software တို့ဖြင့် ဆောင်ရွက်နေမှုအခြေအနေ၊ ထည့်သွင်းပြီးသည့်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် စိစစ်ဆောင်ရွက်မည့် အခြေအနေ၊ တိုင်းဒေသကြီး/ ပြည်နယ်များက မဲရုံများ ခွဲဝေသတ်မှတ်ရာတွင် အခြေခံ ဆောင်ရွက်ရမည့်အချက်များ၊ မဲရုံခွဲဝေသတ်မှတ်ခြင်းကို စမ်းသပ်ညှိနှိုင်းဆောင်ရွက်ရာတွင် တွေ့ရှိခဲ့ရသည့် အခြေအနေများ၊ လူဦးရေစာရင်းပြုစုရာတွင် လိုအပ်သောအချက်အလက်များ ပြည့်စုံမှန်ကန်ရေးအတွက် တွေ့ရှိရသည့် အခက်အခဲများ၊ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများက မဲရုံလျာထားမှုနှင့် CVLMS စနစ်ဖြင့် ဆောင်ရွက်မှုအခြေအနေတို့ကို ပါဝါပွိုင့်ဖြင့် လည်းကောင်း၊ ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တာဝန်ခံကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးတင်ပြကြပြီး အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားက အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# SME နှစ်ဆင့်ချေးငွေစီမံကိန်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ (Working Committee) အစည်းအဝေးကျင်းပ



နေပြည်တော်   မေ   ၂၃

SME နှစ်ဆင့်ချေးငွေစီမံကိန်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ (Working Committee) (၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘဏ်ချေးငွေရရှိရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက JICA (ODA) SME နှစ်ဆင့်ချေးငွေ စီမံကိန်းအဆင့်-၁ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအဆင့်-၂ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းအဆင့် - ၁ တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်သော PFI ဘဏ်ခြောက်ဘဏ်မှ တစ်ဆင့် ၂၀၂၄ ခုနှစ် ဧပြီလကုန်အထိ SME လုပ်ငန်းရှင် ၆၁၆ ဦးသို့ ချေးငွေကျပ် ၁၄၂ ဒသမ ၀၃၈ ဘီလီယံ ထုတ်ချေးခဲ့ပြီး ဖြစ်ကြောင်း၊ စီမံကိန်းအဆင့် - ၂ တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်သော PFI ဘဏ် ၁၁ ဘဏ်မှ တစ်ဆင့် ၂၀၂၄ ခုနှစ် ဧပြီလကုန်အထိ SME လုပ်ငန်းရှင် ၁၈၆၉ ဦးသို့ ချေးငွေကျပ် ၃၆၈ ဒသမ ၃၆၉ ဘီလီယံ ထုတ်ချေးခဲ့ပြီး ဖြစ်ကြောင်း။

Working Committee အဖွဲ့ဝင်များအနေဖြင့် ယနေ့ဆွေးနွေးသည့် အချက်အလက်များအပေါ် မူတည်၍ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများနှင့်ညီညွတ်အကျုံးဝင်သည့် SME လုပ်ငန်းများထံသို့ အတိုးနှုန်းသက်သာသည့် နှစ်ဆင့်ချေးငွေများ ရောက်ရှိစေရေးနှင့် ထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ဆွေးနွေးပေးစေလိုကြောင်း၊ ယခုစီမံကိန်းသည် အောင်မြင်သည့် စီမံကိန်းတစ်ခု ဖြစ်သည့်အပြင် SME လုပ်ငန်းများအတွက်လည်း များစွာအကျိုးကျေးဇူးဖြစ်ထွန်းပါကြောင်း၊ နိုင်ငံတော်မှ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်နေချိန် ရည်ရွယ်ချက်နှင့် ကိုက်ညီသည့် စီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း၊ ချေးငွေများကို ပြန်လည်ပေးဆပ်သည့်အချိန်တွင် အပြည့်အဝ ပြန်လည်ရရှိရန် လိုအပ်ကြောင်း၊ ချေးငွေအသစ်များကို ထုတ်ချေးရာတွင်လည်း သတ်မှတ်ထားသည့် စည်းမျဉ်း/ စည်းကမ်းများ၊ မူဝါဒများနှင့် ကိုက်ညီစေရန် စနစ်တကျ စိစစ်ထုတ်ချေးရန်လိုအပ်ကြောင်း။

မြန်မာ့စီးပွားရေးဘဏ် အပါအဝင် PFIs ဘဏ်များအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒဖြစ်သည့် သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများ၊ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးထုတ်ချေးနိုင်ရေးဆောင်ရွက်ရန်နှင့် ထုတ်ချေးပြီးသည့် ချေးငွေများ NPL မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယင်းချေးငွေသည် အတိုးနှုန်းသက်သာသည့် ချေးငွေဖြစ်သည့်အပြင် နိုင်ငံတော်မှ ချမှတ်ထားသည့် ဦးစားပေးကဏ္ဍများနှင့် ကိုက်ညီမှုရှိသဖြင့် စဉ်ဆက်မပြတ် ထုတ်ချေးနိုင်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။ **(ဝဲပုံ)**

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။

မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သောငွေကြေးထောက်ပံ့မှုများကို ကူညီပံ့ပိုးပေးနိုင်ရန် SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့် - ၁ ကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့် - ၂ ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင် ကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော်   မေ   ၂၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နေရာကွက်၍မိုးကြီးနိုင်သည်။**မိုး/ဇလ**

# ကျောင်းဥပဓိရုပ်ကောင်းမွန်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ …

◇◇◇◇◇◇◇ **ခင်သန်းမြင့်** ◇◇◇◇◇◇◇

၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန် **ကျောင်းသားကျောင်းသူများ။**

**“မောင်ပြည့်မောက် (Grade-10)၊ မသနံ့ရတီအောင်(Grade-10)၊ မအိမ့်ခွန်းသံစဉ် (Grade-9)”။**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ဥပစာရှေ့မှာ ကျောင်းရဲ့ဂုဏ်ဆောင် လူရည်ချွန်မောင်မယ်များ အဖြစ် ခန့်ခန့်ညားညား ဂုဏ်ပြုဖော်ပြထားတဲ့ မှတ်တမ်းဓာတ်ပုံ ဗီနိုင်းဘုတ်ကြီးကို ကျွန်မ ဖြတ်သွားဖြတ်လာပြုတိုင်း တခုတ်တရ ကြည့်ဖြစ်အောင် ကြည့်မိတယ်။

ဗိုလ်တထောင်(၅)ဆိုတာ ရန်ကုန်မြို့လယ်မှာ ရှိတဲ့ကျောင်းတစ်ကျောင်းဖြစ်တော့ ကျောင်းဥပဓိရုပ် အနေနဲ့ကပြောစရာမရှိအောင် ဝင့်ထည်ပြီးသား။ ပင်ကိုမူလဝင့်ထည်ပြီးသားကျောင်းအဆောက်အအုံ ဥပစာရှေ့မှာ ကျောင်းရဲ့ဂုဏ်ဆောင်လူရည်ချွန် မောင်မယ်တွေကို ဂုဏ်ပြုဖော်ပြထားပြန်တော့ ကျောင်းရဲ့ဥပဓိရုပ်က ပိုလို့ခန့်ညားထည်ဝါလာ တယ်လို့ ဆိုရမယ်။

**“မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်”** ဆိုတဲ့ ကျွန်မတို့ငယ်စဉ်က ကျောင်းမှာ ရွတ်ဆိုခဲ့ဖူး တဲ့ ကျောင်းကောင်စီသီချင်းသံကို နားထဲပြန်လည် ကြားယောင်မိလာတယ်။

### အလံတိုင်ထိပ်မှာပြည်ထောင်စုအလံတော်က ပြည်ထောင်စုအလံတော်က တလူလူတလွင့်လွင့်

ကျွန်မတို့ငယ်ငယ်က ကျောင်းသားတိုင်း ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ ဆိုတဲ့ အသင်းတစ်ခုခုဆီမှာ ပါဝင်ကြရတယ်။ ကျောင်းရှေ့မှာ အလံတိုင်ရှိတယ်။ အလံတိုင်ထိပ်မှာ ပြည်ထောင်စုအလံတော်က တလူလူတလွင့်လွင့် ဝင့်ကြွားနေတယ်။ ပြည်ထောင်စုအလံရဲ့အောက် အနည်းငယ်နိမ့်လျက် ဘေးတစ်ဖက်တစ်ချက် မှာရောင်စုံ အလံလေးတွေရှိကြတယ်။ ကျောင်းမှာ ဖွဲ့စည်းထားတဲ့အသင်းလေးသင်းကို ကိုယ်စားပြုတဲ့ အလံလေးတွေ ဖြစ်ပါတယ်။

အဝါရောင်အလံက ကျန်စစ်သား၊ အစိမ်းရောင် အလံက ဘုရင့်နောင်၊ အနီရောင်အလံက အလောင်း ဘုရား၊ အပြာရောင်က ဗန္ဓုလအသင်းအသီးသီးကို ကိုယ်စားပြုပါတယ်။ ဒီအလံလေးခုရဲ့တစ်ဖက်မှာ တစ်ခုတည်း လေမှာလွင့်နေတဲ့ အလံလေးက တစ်နေ့တာအတွက် တာဝန်ကျအလံ ဖြစ်ပါတယ်။

တာဝန်ကျအသင်းက ကျောင်းသားကျောင်းသူ များက မနက်စောစောကျောင်းလာပြီး သောက်ရေ ခပ်ကြရတယ်။ ရေလောင်း၊ အမှိုက်လှည်းစတဲ့ ကျောင်းတွင်းကျောင်းပြင် သန့်ရှင်းရေးတွေ လုပ်ကြရတယ်။ ကျောင်းတံခါးပေါက်တွေ ဖွင့်ကြ ရတယ်။ တစ်နေ့တာအတွင်း ကျောင်းရဲ့လုပ်စရာ ကိုင်စရာ လိုအပ်တာများကို တာဝန်ယူဆောင်ရွက် ကြရတယ်။ ညနေကျောင်းဆင်းပြီးလို့ ကျောင်းတံခါး ပိတ် အလံချပြီးမှ တစ်နေ့တာတာဝန် ကုန်ဆုံးပါ တယ်။

ကျောင်းသားတိုင်း ကိုယ့်အသင်းအလံ အောက် မကျရေး၊ ထိပ်ဆုံးမှာ ရောက်ရှိနေရေးအတွက် ကြိုးစားကြရတယ်။ တာဝန်ကျတဲ့ ကျောင်းသား အတွက် အမှတ်ရသလိုတာဝန် မကျေတဲ့ ကျောင်းသားအတွက် အမှတ်လျှော့ခံရတယ်။ ဆရာ ဆရာမတွေက မှတ်တမ်းစာအုပ်ကိုယ်စီကိုင်ပြီး နေ့စဉ်အမှတ်ပေးကြတယ်။ အတန်းအလိုက် ဘာသာရပ်တိုင်းမှာရတဲ့အသင်းလိုက် အမှတ်တွေကို ဆရာ ဆရာမက စုပြီးပေါင်းကြတယ်။ အားကစား အတွက် ရမှတ်တွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းမှ ရမှတ်တွေ၊ ကောင်းသောစံနမူနာပြဖြစ်တဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ရမှတ်တွေကို ထပ်ပြီး ပေါင်းတယ်။ အပြစ်ကျူးလွန်တဲ့ ကျောင်းသား ကျောင်းသူတွေအတွက်လျှော့မှတ်တွေကိုနုတ်ပါတယ်။

နောက်တစ်နေ့မှာ အမှတ်အနည်းအများ အလိုက် အသင်းရဲ့အလံတွေကို လွှင့်ထူတယ်။ အမှတ်အများဆုံးရတဲ့ အသင်းရဲ့အလံက ထိပ်ဆုံးမှာ ရောက်ပြီး အမှတ်အနည်းဆုံးဖြစ်တဲ့ အသင်းရဲ့ အလံကတော့ အောက်ဆုံးမှာ နေရတယ်။

ဒါကြောင့်မို့ ကျောင်းသားတွေက တစ်သင်းနဲ့ တစ်သင်း သူ့ထက်ငါနိုင်အောင် ပြိုင်ကြတယ်။ ကိုယ့်အတွက်သာမက ကိုယ့်အသင်းတွက်ပါ စာကျက်ရတယ်။ လေ့ကျင့်ခန်းမှန်အောင် လုပ်ရ တယ်။ အားကစားထူးချွန်အောင် ကြိုးစားရတယ်။ ဖွံ့ဖြိုးရေးအချိန်မှာ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရတယ်။ ကျောင်းချိန်မီအောင် လာကြရ တယ်။ ကျောင်းပျက်ရက်မရှိအောင် ကြိုးစားကြရ တယ်။ ကျောင်းကသတ်မှတ်ထားတဲ့ စည်းကမ်း တွေကို လိုက်နာကြရတယ်။ ကိုယ့်နေရာ ကိုယ့် အတန်းသန့်ရှင်းနေအောင် လှည်းကျင်းထားကြရ တယ်။

ကျောင်းတွင်း ကျောင်းပြင်ကြည့်လိုက်ရင် သန့်ရှင်းနေတယ်။ ဆရာ ဆရာမတွေက အစ အမှိုက်တစ်ပင်၊ စက္ကူတစ်စတွေ့တိုင်း စံနမူနာပြ ဖြစ်အောင် ကောက်ပြသွားတဲ့အတွက် ကျောင်းသား တွေက သူ့ထက်ငါ ဦးအောင် ကောက်ကြပြီး အမှိုက် ပုံးထဲထည့်ကြတယ်။ အမှိုက်ကောက်တဲ့ ကျောင်းသား အတွက် အမှတ်ရသလို အမှိုက်ချတဲ့ ကျောင်းသား ကိုလည်း အမှတ်လျှော့ပါတယ်။ သန့်ရှင်းရေး လုပ်ဆောင်ရာမှာ တစ်ဦးချင်း ပြိုင်ကြသလို၊ အသင်းချင်း၊ အတန်းချင်းပါ ပြိုင်ကြတယ်။ အသင်းလေးသင်း ကိုယ်စားပြုစိုက်ခင်းလေး ခုမှာ လည်း အညွန့်ချင်း၊ အပွင့်ချင်း၊ အသီးချင်းပြိုင်ကြပါ တယ်။

### မိမိကျောင်းကို ခင်တွယ်တဲ့စိတ်နဲ့ အကောင်းဆုံးဖြစ်အောင် ဩဝါဒပေးလေ့ရှိ

ဆရာ ဆရာမတွေကလည်း ကျောင်းသား ကျောင်းသူတိုင်း ကျောင်းမှန်မှန်တက်ဖို့၊ စာမှန်မှန် ကြိုးစားဖို့၊ ကျောင်းစည်းကမ်းကို လိုက်နာဖို့၊ အကျင့်စာရိတ္တနဲ့ပြည့်စုံတဲ့ ကျောင်းသားတွေ ဖြစ်အောင်ကြိုးစားဖို့၊ မိမိအတန်းကို သန့်ရှင်း သပ်ရပ်အောင် လှည်းကျင်းဖို့၊ အတန်းတွင်းရှိ ပရိဘောဂတွေကို မကျိုးပဲ့၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့၊ သတ်မှတ်ထားတဲ့ အတန်းတွင်း စည်းကမ်းတွေကို လိုက်နာဖို့၊ အတန်း ဖော်အချင်းချင်း ရိုင်းပင်းကူညီဖို့၊ လိမ္မာယဉ်ကျေးတဲ့ လူကောင်းလူတော်တွေဖြစ်အောင် ကြိုးစားဖို့၊ မိမိ ပညာဆည်းပူးရာ ကျောင်းကို မြတ်နိုးခင်တွယ်တဲ့ စိတ်နဲ့အဘက်ဘက်မှ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြဖို့ ဆုံးမဩဝါဒပေးလေ့ရှိပါတယ်။

ငယ်စဉ်ကတော့ အပြည့်အဝ နားမလည်ခဲ့ပါဘူး။ အရွယ်ရောက်လာတော့မှ **“အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက”**ဆိုတဲ့အတိုင်း ဒီအလေ့ အကျင့်ကောင်း၊ အခြေခံကောင်းတွေဟာ နောင် တစ်နေ့ကြီးပြင်းလာတဲ့အခါ တိုင်းပြည်ရဲ့တာဝန်ကို အကောင်းဆုံးကျေပွန်အောင် ထမ်းဆောင်မယ့် နိုင်ငံသားကောင်းတွေ ဖြစ်လာစေဖို့ဆိုတာ သဘောပေါက်လာမိပါတယ်။

### နိုင်ငံ့တာဝန်ထမ်းဆောင်ကြမယ့်သူတွေကို စနစ်တကျလေ့ကျင့်ပျိုးထောင်လျက်ရှိ

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရခေတ်မှာလည်း လူငယ်တွေဟာ တိုင်းပြည် ရဲ့အနာဂတ်ခေါင်းဆောင်တွေ၊ နိုင်ငံ့တာဝန်ကိုပခုံး ပြောင်းတာဝန် ထမ်းဆောင်ကြမယ့်သူတွေအဖြစ် ရည်မှန်းပြီး လူငယ်လူရွယ်တွေရဲ့ အကျင့်စာရိတ္တတွေ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်တွေရရှိ ပြီး တိုင်းပြည်ရဲ့ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ် စေရေးအတွက် နွေရာသီကျောင်းပိတ်ရက်အတွင်း လေကြောင်းလူငယ်၊ ရေကြောင်းလူငယ်သင်တန်း တွေ၊ ကင်းထောက်လူငယ်နဲ့ လူရည်ချွန်စီမံကိန်း တွေအပါအဝင် စနစ်တကျလေ့ကျင့်ပျိုးထောင်လျက် ရှိတာကို တွေ့မြင်ရပါတယ်။

လာမယ့် ဇွန်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းတွေ ပြန်လည်ဖွင့်လှစ်ပါတော့ မယ်။ ပညာရေးဝန်ကြီးဌာနကလည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူနိုင်ဖို့အတွက် ၂၀၂၄ ခုနှစ် မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့အထိ ကျောင်းအပ်နှံ ရေးသီတင်းပတ်အဖြစ်သတ်မှတ်ပြီး နှိုးဆော်ထားပါ တယ်။

အလားတူ **“ကျောင်းထွက်သူ လုံးဝမရှိစေရေး နှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်၊ မိဘများအနေဖြင့် ကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်”** စသည်ဖြင့် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများကို မေတ္တာရပ်ခံ နှိုးဆော်ထားပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ပြီး ၂၂ ရက်က ကျင်းပခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)မှာ **“ဇွန်လအတွင်း အခြေခံပညာ ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည် ဖြစ်သဖြင့် စာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေး၊ ကျောင်းဥပဓိရုပ်များ ကောင်းမွန်စေရေးနှင့် ပရိဘောဂများ ပြည့်စုံကောင်းမွန်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးထားရန် လိုကြောင်း၊** အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှောင့်နှေးခဲ့ရ သည့် ဒေသအချို့တွင်လည်း အခြေခံပညာကျောင်း များ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင် ဆောင်ရွက်ထားရှိကြရန် လိုကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဖွင့်လှစ်လျက်ရှိသည့်

*စာမျက်နှာ ၉ သို့*



> ❑ **လူငယ်တွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ခေါင်းဆောင်တွေ၊ နိုင်ငံ့ တာဝန် ပခုံးပြောင်းတာဝန် ထမ်းဆောင်ကြမယ့်သူတွေကို ရည်မှန်းပြီး လူငယ်လူရွယ်တွေရဲ့ အကျင့်စာရိတ္တတွေ ကောင်းမွန်စေ ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်တွေရရှိပြီး တိုင်းပြည်ရဲ့ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် နွေရာသီကျောင်းပိတ်ရက်အတွင်း လေကြောင်းလူငယ်၊ ရေကြောင်းလူငယ်သင်တန်းတွေ၊ ကင်းထောက် လူငယ်နဲ့လူရည်ချွန်စီမံကိန်း တွေအပါအဝင် စနစ်တကျလေ့ကျင့် ပျိုးထောင်လျက် ရှိတာကို တွေ့မြင်ရပါတယ်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပြေ၀-၃ (၃၀) မဂ္ဂါဝပ်နှင့် သာစည် (၃၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သပြေ၀-၃ (၃၀) မဂ္ဂါဝပ်နှင့် သာစည် (၃၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။



အဆိုပါ ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Natural Solar Power Co., Ltd. နှင့် Great Success Energy Co., Ltd. တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက သပြေ၀-၃ (၃၀) မဂ္ဂါဝပ်နှင့် သာစည် (၃၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သပြေ၀-၃ နှင့် သာစည် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အကောင်အထည်ဖော် တည်ဆောက်ခဲ့မှုမှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ MSME လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး၊ အရည်အသွေးမြင့်မားသည့် ပညာရေးစနစ်ဖြစ်ပေါ်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် များစွာ အရေးပါသည့်အတွက် တစ်နိုင်ငံလုံးမှ ပြည်သူအားလုံး သာတူညီမျှရရှိသုံးစွဲနိုင်ရေးအတွက် ရည်မှန်းချက်ထားကာ မူဝါဒများချမှတ်ပြီး **"၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့် သုံးစွဲရရှိရေး"**အတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနိုင်ရေး စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၁ ခုနှစ် ဇူလိုင်လတွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ် (Nationally Determine Cotribution – NDC) အရ ၂၀၃၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ်ပါဝင်မှု ၂၈ ရာခိုင်နှုန်း ၅၁၅၆ မဂ္ဂါဝပ်၊ နေရောင်ခြည်နှင့် လေစွမ်းအင်ကဲ့သို့ ပြန်ပြည့်မြဲစွမ်းအင်ပါဝင်မှု ၁၁ ရာခိုင်နှုန်း ၂၀၀၀ မဂ္ဂါဝပ် လျာထားရေးဆွဲထားကြောင်း၊ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်မှ ၃ ဒသမ ၃ ရာခိုင်နှုန်း ပါဝင်ထုတ်လုပ်လျက်ရှိပြီး ထပ်မံ၍ နေရောင်ခြည်နှင့် လေစွမ်းအင်တို့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး စူးစမ်းလေ့လာနေမှုများကိုလည်း MOU၊ MOA၊ LOA များ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် နေနှင့် လေစွမ်းအင်ဖြင့် ဓာတ်အားထုတ်လုပ်နိုင်မှု ပါဝင်မှုအချိုးအစားသည် မိမိတို့ ရည်မှန်းထားသည့် ၁၁ ရာခိုင်နှုန်းကို ပြည့်မီရောက်ရှိလာမည် ဖြစ်ကြောင်း။

ထိုသို့ ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်မှုများ၏ ရလဒ်တစ်စိတ်တစ်ပိုင်းဖြစ်သည့် ယခုတည်ဆောက်ပြီးစီးခဲ့သော Natural Solar Power Co., Ltd. ၏ သပြေ၀-၃ (၃၀) မဂ္ဂါဝပ်နှင့် Great Success Energy Co., Ltd. ၏ သာစည် (၃၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် Build – Operate – Own – BOO (တည်ဆောက်/ လည်ပတ်/ ပိုင်ဆိုင်) စနစ်ဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတပ်ဆင်အင်အား (၆၀) မဂ္ဂါဝပ် ဖြစ်၍ တစ်နှစ်လျှင် စုစုပေါင်း လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၄၈ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ အိမ်ထောင်စုပေါင်း ၉၉၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အား ထပ်တိုးဖြန့်ဖြူးပေးနိုင်မည်လည်း ဖြစ်ကြောင်း၊ သပြေ၀-၃ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို ၁၃ လ အတွင်း တည်ဆောက်ခဲ့ပြီး ထွက်ရှိလာသည့် ဓာတ်အားကို ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ၂၃၀ ကေဗွီ သပြေ၀ပင်မဓာတ်အားခွဲရုံသို့ ၂၀၂၄ ခုနှစ် မတ် ၃၀ ရက်တွင်လည်းကောင်း၊ သာစည် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ၁၄ လအတွင်း တည်ဆောက်ခဲ့ပြီး ထွက်ရှိလာသည့် ဓာတ်အားကို ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ၂၃၀ ကေဗွီ သာစည်ပင်မဓာတ်အားခွဲရုံသို့ ၂၀၂၄ ခုနှစ် ဧပြီ ၃၀ ရက်တွင်လည်းကောင်း အသီးသီး ချိတ်ဆက်၍ ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်ကွန်ရက်အတွင်းတွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားများ ချိတ်ဆက်ပို့လွှတ်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံခြောက်ရုံရှိရာမှ ယခုထပ်မံ၍ နှစ်ရုံမှထွက်ရှိသော ဓာတ်အားများကိုလည်း နိုင်ငံတော် ဓာတ်အားစနစ်အတွင်းသို့ ထပ်မံချိတ်ဆက် ပို့လွှတ်နိုင်ပြီဖြစ်သည့်အတွက် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံရှစ်ရုံ၊ စုစုပေါင်း တပ်ဆင်စက်အင်အား ၂၄၀ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် စွမ်းအင်အရင်းအမြစ်ပါဝင်မှု အချိုးအစား(Generation Mix) အားဖြင့် ရေအား ၄၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၅၀ ရာခိုင်နှုန်း၊ နေရောင်ခြည် ၃ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၂ ရာခိုင်နှုန်းတို့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိကြောင်း။

**ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်**

လက်ရှိအချိန်တွင် စွမ်းအားပြည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းဆိုင်ရာ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို နှစ်စဉ်မပြတ်မနေ ဆောင်ရွက်လျက်ရှိသောကြောင့် လျှပ်စစ်ဓာတ်အား ထိန်းညှိထုတ်လုပ် ဖြန့်ဖြူးနေမှုမှာ ၂၉၅၀ မဂ္ဂါဝပ်ခန့်သာရှိကြောင်း၊ သို့ရာတွင် ခန့်မှန်းဓာတ်အား လိုအပ်ချက်မှာ ၄၂၀၀ မဂ္ဂါဝပ်ခန့်ရှိသောကြောင့် အများပြည်သူ မီးသုံးစွဲမှုများသော နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များတွင် ဓာတ်အား ၁၂၅၀ မဂ္ဂါဝပ်ခန့်ကို ဝန်အားထိန်းညှိလျှော့ချခြင်းများ ဆောင်ရွက်နေရပြီး ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုလည်း တစ်ချိန်တည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို နားလည်သဘောပေါက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ Natural Solar Power Co.,Ltd. နှင့် Great Success Energy Co.,Ltd. မှ တာဝန်ရှိသူက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ တည်ဆောက်ရခြင်း၏ အကျိုးကျေးဇူးများနှင့် ဓာတ်အားပေးစက်ရုံစီမံကိန်းများ တည်ဆောက်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက် ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ယခုအသက် ၁ နှစ်၊ ၁၀ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၂ လက်မ၊ ကိုယ်လုံး လုံးပတ် ၆ ပေ ၈ လက်မ၊ ကိုယ်အလေးချိန် ၁၃၄၂ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင် ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---



**မောက်မယ်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ ၂၃ ရက်က အ.ထ.က (မောက်မယ်)၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်နှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။**

စိုင်းမျိုးသန့်(မောက်မယ်)

---

*စာမျက်နှာ ၈ မှ*

**သင်တန်းများကို ပညာရည်အဆင့်များအလိုက် ထိုက်သင့်သည့်ဘွဲ့များ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ကျောင်းများ ပြန်လည်ကောင်းမွန်စေရေးနှင့် လာမည့်ပညာသင်နှစ်တွင် ကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး လုံလုံခြုံခြုံဖြင့်ပညာသင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း"** လမ်းညွှန်မှာကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ စာသင်နှစ်မှာတော့ အကြမ်းဖက်မှုဖြစ်စဉ်တွေကြောင့် ထိခိုက်ပျက်စီးခဲ့ရတဲ့ ကျောင်းတွေ အပါအဝင်အကြောင်းအမျိုးမျိုးကြောင့် ၂၃ ရာခိုင်နှုန်းသောအခြေခံပညာကျောင်းအချို့ မဖွင့်လှစ်နိုင်ခဲ့ဘူးလို့ သိရတယ်။

ဒီအတွက် ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် ဆရာ ဆရာမတွေ၊ ကျောင်းအကျိုးတော်ဆောင်တွေ၊ မြို့မိ မြို့ဖ၊ ရပ်မိရပ်ဖတွေ၊ ဒေသခံပြည်သူတွေအားလုံးက နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**နိုင်ငံ့သားကောင်းများစွာကို စဉ်ဆက်မပြတ် မွေးထုတ်ပေး**

ဒါ့အပြင် ကျောင်းဥပဓိရုပ်တွေကောင်းမွန်ရေး အပိုင်းမှာလည်း အခြေခံအဆောက်အအုံပိုင်း သာမက စည်းကမ်းကောင်းမွန်မှု၊ အောင်ချက်မြင့်မားမှု၊ နိုင်ငံတော်ကအားထားရတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ အရာထမ်း၊ အမှုထမ်းများ၊ လူရည်ချွန် မောင်မယ်တွေ၊ လူကောင်းလူတော်တွေ၊ နိုင်ငံ့သားကောင်းများစွာကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ဖို့ လိုပါတယ်။

ဒီလိုပြီးပြည့်စုံတဲ့ ကျောင်းရဲ့ ဥပဓိရုပ်တွေကောင်းမွန်ခံ့ညားထည်ဝါလာတာနဲ့အမျှ နိုင်ငံရဲ့ ဥပဓိရုပ်ကလည်း နိုင်ငံတကာအလယ်မှာကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပိုမိုကောင်းမွန် ခံ့ညားထည်ဝါလာနိုင်လိမ့်မယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။ ဒီအတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမှာပေါ့။ ။

# လူငယ်နှင့်စာဖတ်ခြင်း (စာကြည့်တိုက်ယဉ်ကျေးမှုအစ စာသင်ကျောင်းက)

မြင့်မောင်(Phil-Q)



❑ **စာဖတ်ခြင်းသည် ပညာသင်ဘဝနှင့် သက်မွေးလုပ်ငန်းဘဝ အောင်မြင်ရေးအတွက် အခြေခံအကျဆုံး အကျင့်တစ်ခုဖြစ်သည်။ စာဖတ်ခြင်းသည် တီထွင်ဖန်တီးမှု၊ အသိအမြင် ကြွယ်ဝမှုနှင့် စိတ်ဓာတ်မြင့်မားမှုတို့ရရှိစေပြီး ယင်းမှာ ကျောင်းသားလူငယ်တို့အတွက် အဖိုးတန်အရည်အသွေးများဖြစ်သည်။ စာဖတ်ခြင်းသည် ပညာသင်ကြားရေး၏ ကျောရိုး လည်းဖြစ်သည်။ သို့သော် ယနေ့လူငယ်တို့သည် ဆိုရှယ်မီဒီယာသုံးခြင်း၊ ဗီဒီယိုဂိမ်းကစားခြင်း၊ တီဗွီကြည့်ခြင်းတို့ကို စာအုပ်တစ်အုပ်ဖတ်ခြင်းထက် ပို၍ခုံမင်နှစ်သက်လာနေကြသည်။ ယနေ့ခေတ် လူကြီးမိဘတို့ကလည်း မိမိတို့သားသမီးများ စာဖတ်သည့်အလေ့အထ အားကောင်းလာစေရေးအပေါ် အလေးအနက်ထား ထိန်းကျောင်းပဲ့ပြင်မှု အားနည်းချက်လည်းပါဝင်**

## စာကြည့်တိုက်ဟူသည်

စာကြည့်တိုက်သည် စာအုပ်ပေါင်းများစွာတို့၏ နေအိမ်ဖြစ်၏။ စာအုပ်များစွာရှိရာ နေရာဖြစ်၏။ မြန်မာအဘိဓာန်၌ စာကြည့်တိုက်ကို "ကြည့်ရှုလေ့လာရန်၊ ငှားရမ်းရန် စာအုပ်များ သိမ်းဆည်းထားရာ အဆောက်အအုံ"ဟု အနက်ဖွင့်သည်။ စာကြည့်တိုက်တွင် အကြောင်းအရာပေါင်းများစွာ၊ ပညာရပ်ပေါင်းများစွာပါရှိသော စာအုပ်စာစောင်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့သာမက စာအုပ်မဟုတ်သော အခြားလေ့လာစရာအရာများ စနစ်တကျ စုစည်းထားသည်။ စာကြည့်တိုက်ကို အံ့ဩဖွယ်ရာအပေါင်းနှင့် ပြည့်လျှမ်းနေသော ကမ္ဘာကြီးဟု ဆိုနိုင်၏။

စာလုံးဝမဖတ်သူသည် လက်ရှိဘဝတစ်ခုတည်းတွင်သာ ရှင်သန်သူဖြစ်ပြီး စာဖတ်သူကမူ သူမသေခင် ဘဝပေါင်းများစွာ ရှင်သန်ခွင့်ရသူ ဖြစ်သည်။ စာဖတ်ခြင်း၏အကျိုးကျေးဇူးကို အနောက်တိုင်းစာရေးဆရာတစ်ဦးက ထိုသို့ဆို၏။ သက်တမ်းတစ်ခုအတွင်း ဘဝပေါင်းများစွာ သက်ဝင်လာခြင်းသည် အံ့ဖွယ်မဟုတ်ပါလော။ စာဖတ်ခြင်းဖြင့် ထိုအံ့ဖွယ်အဖြစ်သည် လက်တွေ့ဖြစ်လာသည်။ စာကြည့်တိုက်၌ စာအုပ်များရှိ၏။ ထို့ကြောင့် စာကြည့်တိုက်သည် အံ့ဩဖွယ်ရာကမ္ဘာ၊ လူတို့အတွက် အကောင်းဆုံးကမ္ဘာဖြစ်သည်။ အထူးသဖြင့် လူငယ်တို့အတွက်ဖြစ်၏။

စာကြည့်တိုက်ဟူသည် ပညာရှင်ဆိုသူများအတွက်သာမဟုတ်။ ပညာရှာသူ၊ ပညာရှိလိုသူ၊ တိုးတက်ကြီးပွားလိုသူ၊ ငြိမ်းချမ်းလိုသူ၊ အသိအမြင်ကြွယ်ဝလိုသူ၊ အကြားအမြင်ဗဟုသုတများလိုသူ၊ စိတ်အပန်းဖြေသူ၊ အချိန်ကို အကောင်းဆုံးအသုံးချသူ စသူစသူတို့ ကျင်လည်ရာအရပ်လည်းဖြစ်၏။ အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး၊ ကျား-မ မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ဂုဏ်ရှိဂုဏ်မဲ့ ဩဇာရှိဩဇာမဲ့မရွေး အားလုံးအတွက်ဖြစ်၏။

## စာကြည့်တိုက်ယဉ်ကျေးမှု

လူမျိုးတစ်မျိုး လူ့အဖွဲ့အစည်းတစ်ခု၏ အတွေးအခေါ်၊ ခံယူချက်၊ အလေ့အထ၊ လူမှုရေးဆိုင်ရာပြုမူဆောင်ရွက်ပုံ၊ တန်ဖိုးထားမှုတို့ကို ထိုလူမျိုး၊ ထိုလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဟု ဆိုကြသည်။ သို့ဆိုလျှင် 'စာကြည့်တိုက်ယဉ်ကျေးမှု'ဆိုသည်မှာ စာကြည့်တိုက်အပေါ် ထားရှိသည့်ခံယူချက်၊ တန်ဖိုးထားမှု၊ စာဖတ်ခြင်းနှင့် စာကြည့်တိုက်ကို အပြည့်အဝအသုံးချမှုအလေ့အထ၊ စာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာ ထွန်းကားပြန့်ပွားအောင် လုပ်ဆောင်မှုဟု ဆိုနိုင်မည်။

စာကြည့်တိုက်များ ပိုမိုဖွင့်လာခြင်း၊ အစိုးရနှင့်အဖွဲ့အစည်းတို့ကသာမက စာကြည့်တိုက်တန်ဖိုးသိမြင်သူတို့ကပါ စာကြည့်တိုက်များဖွင့်လာခြင်း၊ စာအုပ်စာစောင်များ စနစ်တကျ စုဆောင်းထိန်းသိမ်းထားခြင်း၊ အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် စီစဉ်ထားခြင်း၊ စာကြည့်တိုက်အသုံးပြုသူများလာစေရန် စီမံခြင်း၊ စာကြည့်တိုက်နေရာကို ပျော်မွေ့ဖွယ်ဖြစ်အောင်ခင်းကျင်းခြင်း၊ စာကြည့်တိုက်သို့ လာရောက်ချင်အောင် ဆွဲဆောင်ခြင်း၊ စိတ်ဝင်တစားဖြစ်စေမည့် စာကြည့်တိုက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ စာကြည့်တိုက်ပညာ ပြန့်ပွားစေခြင်း၊ စာကြည့်တိုက်ဦးစီးဖွင့်လှစ်သူနှင့် စာကြည့်တိုက်အမှုကိစ္စ တာဝန်ယူထမ်းဆောင်သူတို့အား ပံ့ပိုးကူညီခြင်း၊ စာဖတ်သည့်အလေ့အထ ထွန်းကားလာစေရန် နည်းလမ်းချမှတ်ဆောင်ရွက်ခြင်း စသည်တို့သည် စာကြည့်တိုက်ယဉ်ကျေးမှု၏ သွင်ပြင်လက္ခဏာဖြစ်ပေမည်။

စာကြည့်တိုက် များများရှိရန်လိုသည်။ စာကြည့်တိုက်အသုံးပြုသူ များများရှိရမည်။ စာမြည်းသူ၊ စာရှာသူ၊ စာဖတ်သူ၊ စာငှားသူများနှင့် စည်ကားနေစေရမည်။ စာအုပ်စာစောင်များ အလွယ်တကူ ရှာဖွေနိုင်ရေးအတွက် စာကြည့်တိုက်ပညာအပြည့်ဖြင့် ဝန်ဆောင်မှုပေးသူကလည်း ပေးမည်။ ဤသို့ဖြင့် လူတို့အတွက် အထူးသဖြင့် တိုးတက်သောလူငယ်တို့အတွက်၊ တိုးတက်လိုသော လူငယ်တို့အတွက်၊ လူငယ်များတိုးတက်ရေးအတွက် စာကြည့်တိုက်များသည် မိတ်ဖက်ကောင်းကြီးပမာ ဖြစ်လာမည်။

## လူငယ်တိုင်း စာကြည့်တိုက်သို့ ရောက်လာရေး

ယနေ့ခေတ်၌ လူငယ်တို့ စာဖတ်အားနည်းလာသည်။ အပြစ်မဆိုသာ။ စူးစမ်းလေ့လာချင်စိတ်ရှိသည့်လူငယ်တို့အတွက် သိလိုစိတ်ကိုဖြည့်ဆည်းပေးမည့်၊ ဖျော်ဖြေပေးမည့်၊ စိတ်အပန်းပြေစေမည့် ယုတ်စွအဆုံး အချိန်ဖြုန်းနိုင်မည့် နည်းလမ်းများစွာ ရှိလာသည်။ အင်တာနက်ဆက်သွယ်ရေးနည်းလမ်းတစ်ခုတည်းကပင် လူငယ်တို့၏ သိလိုစိတ်ကို လွှမ်းမိုးထားသည်။ တစ်ကမ္ဘာလုံးကို ထိုင်ရာမထ ကြည့်နိုင်သည့် ကိရိယာတစ်ခုက စာအုပ်နှင့် စာဖတ်ခြင်းကို အလဲထိုးအနိုင်ယူသွားသည်။

စာမဖတ်တော့သည့်အတွက် စာဖတ်သူနည်းသွားသည်။ စာဖတ်သူနည်းသည့်အတွက် စာကြည့်တိုက်များသို့ လာရောက်သူနည်းသွားသည်။ စာကြည့်တိုက်များ ပြန်လည်သက်ဝင်စည်ကားလာရေးအတွက် အခြေခံအကျဆုံးမှာ စာဖတ်သူများသထက်များလာရေး ဖြစ်၏။ အထူးသဖြင့် အနာဂတ်မျိုးဆက်လူငယ်များ ဖြစ်သည်။ လူငယ်တိုင်း စာဖတ်လာရေးအတွက် စာဖတ်သည့်အလေ့အထများထူထောင်ရမည်။ ထို့အတွက် လူငယ်များစုစည်းရာ စာသင်ကျောင်းများ၌ ကျောင်းသားလူငယ်မောင်မယ်တို့ကို စာဖတ်သည့်အလေ့အထရှိလာစေရန် အဓိကထား လုပ်ဆောင်သင့်သည်။

## စာဖတ်အလေ့အထ အားကောင်းစေရေး

စာဖတ်ခြင်းသည် ပညာသင်ဘဝနှင့် သက်မွေးလုပ်ငန်းဘဝ အောင်မြင်ရေးအတွက် အခြေခံအကျဆုံး အကျင့်တစ်ခုဖြစ်သည်။ စာဖတ်ခြင်းသည် တီထွင်ဖန်တီးမှု၊ အသိအမြင်ကြွယ်ဝမှုနှင့် စိတ်ဓာတ်မြင့်မားမှုတို့ရရှိစေပြီး ယင်းမှာ ကျောင်းသားလူငယ်တို့အတွက် အဖိုးတန်အရည်အသွေးများဖြစ်သည်။ စာဖတ်ခြင်းသည် ပညာသင်ကြားရေး၏ ကျောရိုးလည်းဖြစ်သည်။ သို့သော် ယနေ့လူငယ်တို့သည် ဆိုရှယ်မီဒီယာသုံးခြင်း၊ ဗီဒီယိုဂိမ်းကစားခြင်း၊ တီဗွီကြည့်ခြင်းတို့ကို စာအုပ်တစ်အုပ်ဖတ်ခြင်းထက် ပို၍ခုံမင်နှစ်သက်လာနေကြသည်။ ယနေ့ခေတ် လူကြီးမိဘတို့ကလည်း မိမိတို့သားသမီးများ စာဖတ်သည့်အလေ့အထ အားကောင်းလာစေရေးအပေါ် အလေးအနက်ထား ထိန်းကျောင်းပဲ့ပြင်မှု အားနည်းချက်လည်း ပါဝင်သည်။

ပညာရပ်တစ်ခု ကျွမ်းကျင်လာစေရန် အချိန်လိုအပ်သည်။ ထို့အတူ စာဖတ်သည့်အလေ့အထ အားကောင်းလာစေရေးအတွက် အချိန်ပေး အလေးထားလုပ်ဆောင်ရန်လိုသည်။ စာဖတ်ခြင်းအမှုကို ခုံမင်နှစ်သက်လာစေရေးအတွက် လုပ်ဆောင်ရာ၌ အခက်အခဲရှိကောင်းရှိမည်။ သို့သော် နည်းမှန်လမ်းမှန်ဖြင့် လုပ်ဆောင်လျှင် ကျောင်းသားလူငယ်တို့ စာဖတ်ဝါသနာပါသူတစ်ဦးအဖြစ်သို့ ရောက်ရှိစေနိုင်သည်။ လူငယ်တစ်ဦး စာဖတ်သည့်အလေ့အထ အားကောင်းလာစေရေး ထိန်းကျောင်းပဲ့ပြင်ရာ၌ သော့ချက်မှာ ငယ်နုစဉ်အချိန်ကပင် စာဖတ်လာစေရေး လှုံ့ဆော်ပေးခြင်းဖြစ်၏။

ထို့ကြောင့် မူလတန်းအဆင့်ကျောင်းများ၌ မူလတန်းအဆင့်ကလေးများနှင့် ကိုက်ညီသည့် ကလေးစာကြည့်တိုက်တစ်ခုစီ တည်ထောင်သင့်သည်။ သူတို့အတွက်စာအုပ်များရှိသည့် စာကြည့်တိုက်လေးတစ်ခုရှိကြောင်း ငယ်နုစဉ်ကပင် အသိဝင်စေသင့်၏။ ဆရာ ဆရာမများက ကလေးများကိုစာဖတ်ပြခြင်း၊ စာကြည့်တိုက်ဝင်ချိန်တစ်ချိန်သတ်မှတ်ပေးခြင်း စသည့်နည်းလမ်းများဖြင့်လည်း အသိဝင်စေနိုင်သည်။

အလယ်တန်း၊ အထက်တန်းတို့၌လည်း ထိုအဆင့် ကျောင်းသားလူငယ်တို့နှင့်ကိုက်ညီသည့် စာအုပ်စာစောင်များထားပေးခြင်း၊ စာကြည့်တိုက်ထားပေးခြင်း၊ စာကြည့်တိုက်ကော်မတီကို ကျောင်းသား ကျောင်းသူတို့ဖြင့် ဖွဲ့စည်းပေးခြင်း၊ စာကြည့်တိုက်သက်ဝင်စေရေး ဆွေးနွေးတိုင်ပင်ခြင်း၊ စကားဝိုင်းလုပ်ခြင်းများ စီစဉ်ပေးသင့်သည်။

## ကျောင်းစာကြည့်တိုက်များ သက်ဝင်လာစေရေး

တွေးကြည့်ပါ။ စာအုပ်စင်ကြီးတစ်ခုရှေ့ ကြမ်းပြင်၌ ဆရာတစ်ဦးထိုင်နေ၏။ လက်ထဲ၌ စာအုပ်တစ်အုပ်ကိုင်၍ ဖတ်ပြနေသည်။ သူ့အနားတွင် ဆရာဖတ်ပြနေသည်ကို နားထောင်နေသော ကလေးများဝိုင်းလျက်။ သူတို့လေးတွေ၏ မျက်နှာပေါ်တွင် အံ့ဩစိတ်၊ သိလိုစိတ်၊ စူးစမ်းလိုစိတ်တို့ကအပြည့်။ သေချာပါသည်။ ထိုကလေးများသည် ဆရာမှီထိုင်နေသော စာအုပ်စင်ကြီးကို မွှေနှောက်ရှာဖွေကာ ဆရာပျိုးထောင်ပေးလိုက်သော သိလိုစိတ်နှင့်စာဖတ်ကျင့်ကို ဆက်လက်တိုးချဲ့သူများ မလွဲဧကန်ဖြစ်လာပေတော့မည်။

ထို့ကြောင့် ငယ်ရွယ်နုနယ်သူတို့ စုဝေးရာ စာသင်ကျောင်းများသည် စာဖတ်ဝါသနာပျိုးထောင်ရေး၊ ယင်းမှတစ်ဆင့် စာကြည့်တိုက်အသုံးပြုမှု အလေ့အထရှိလာရေးတို့ လုပ်ဆောင်နိုင်သည်။ စာသင်ကျောင်းများ၌ စာကြည့်တိုက်များရှိပါလိမ့်မည်။ သို့သော် ရှိရုံမည်ကာမတ္တမဟုတ်ဘဲ လှုပ်ရှားမှုအားကောင်းကောင်းဖြင့် သက်ဝင်လာစေရန် လိုအပ်သည်။ ထို့အတွက် စာကြည့်တိုက်ပညာရှင်များနှင့် ကျောင်းတာဝန်ရှိသူများ ပူးပေါင်း၍ ရေတိုရေရှည်နည်းလမ်းများ ချမှတ်ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း နေပြည်တော် လယ်ဝေး၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ကျောင်းအပ်နှံနေမှုများကို လှည့်လည်ကြည့်ရှုအားပေး



**နေပြည်တော် မေ ၂၃**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းသည် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်း၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ နေပြည်တော်ကောင်စီနယ်မြေပညာရေးမှူး ဒေါက်တာကျော်လွင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံနေကြသည်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုသို့ကြည့်ရှုအားပေးရာတွင် ဒုတိယဝန်ကြီးက သက်ဆိုင်ရာ တာဝန်ရှိသူများကို ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ ရောက်ရှိရေး၊ အနည်းဆုံး အခမဲ့ အလယ်တန်းပညာ (KG+9) ပြီးမြောက်ရေး အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ စာတတ်ရုံမျှမက မိမိနိုင်ငံနှင့် လူမျိုးကို တန်ဖိုးထားသည့်စိတ်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းလိုစိတ်များ ဖြစ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံးကျောင်းအပ်နှံရေးအတွက် သက်ဆိုင်ရာ မိဘအုပ်ထိန်းသူများ၊ ရပ်ရွာလူထုများ၊ ဌာနဆိုင်ရာများအနေဖြင့် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း မှာကြားကာ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ အသီးသီးတွင် ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်သွားမည် ဖြစ်ပြီး ကျောင်းအပ်နှံသည့် ကလေးများအား ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံတို့ကို အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့၌ ကျောင်းအပ်နှံရေးရက်သတ္တပတ် စတင်ဆောင်ရွက်



**မန္တလေး မေ ၂၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း)ကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး "ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကို မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ သတ်မှတ်ထားကာ ယနေ့တွင် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ဆောင်ရွက်ကြသည်။

မန္တလေးမြို့အတွင်းရှိ အခြေခံပညာကျောင်းများတွင် ယနေ့နံနက်ပိုင်းမှစတင်၍ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ တာဝန်ကျဆရာ ဆရာမများက ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ ကျောင်းလာရောက်အပ်နှံရာတွင် စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေး၊ ကျောင်းသားစာရင်းပေးသွင်းရာတွင် စည်းကမ်းတကျ ဖြစ်စေရေးတို့အတွက် ကြိုးကြပ် ဆောင်ရွက်ပေးကြသည်။

ကျောင်းအပ်နှံရေး လုပ်ငန်းဆောင်ရွက် ပေးခြင်းများနှင့် စပ်လျဉ်း၍ အမှတ်(၁၆)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ကျွန်တော်တို့ကျောင်းမှာ ကျောင်းအပ်နှံမယ့် ကလေးတွေက အရင်ထက်ပိုများပါတယ်၊ ကျွန်တော်တို့ကလည်း နိုင်ငံတော်အကြီးအကဲနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်အတိုင်း ကျောင်းနေအရွယ်ကလေးတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ဖြစ်တဲ့ ကလေးတွေအားလုံးကို ကျောင်းအပ်လက်ခံဖို့ရှိပါတယ်၊ ကျွန်တော်တို့မှာ ဆရာအင်အားနဲ့ ကျောင်းဆောင်တွေလည်း အပြည့်ရှိပါတယ်၊ အခမဲ့ပညာသင်ကြားပေးခြင်းစနစ်ဖြစ်တဲ့အတွက် ပုံနှိပ်စာအုပ်တွေ၊ ဗလာစာအုပ်တွေ၊ ကျောင်းဝတ်စုံတွေ၊ စာရေးကိရိယာတွေလည်း ပေးပါတယ်၊ ကျောင်းအပ်နှံဖို့ သတ်မှတ်ထားတဲ့ မေ ၂၃ ရက်ကနေ ဇွန် ၂ ရက်နေ့အထိ ကလေးတွေကို ပိတ်ရက်မရှိဘဲ ကျောင်းအပ်လက်ခံသွားပါမယ်၊ ကျောင်းဖွင့်ရင်လည်း စာကို အပြည့်အဝသင်ကြားပေးသွားမှာဖြစ်ပါတယ်၊ ဒါကြောင့် ကျောင်းနေအရွယ် ကလေးတွေ ကျောင်းအမြန်ဆုံး အပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

ကျောင်း အပ်နှံရာတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် မည်သည့်ငွေကြေးမှ မကောက်ခံဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးနေပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများကိုလည်း ထောက်ပံ့ပေးလျက်ရှိသည်။

ကျောင်းသားမိဘတစ်ဦးကလည်း "ကျောင်းအပ်နှံရတာအားလုံး အဆင်ပြေပါတယ်၊ ဆရာ ဆရာမတွေကလည်း ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို သေချာလေးရှင်းပြပေးပြီး ဆောင်ရွက်ပေးပါတယ်၊ ကျွန်တော်တို့ သား သမီးတွေရဲ့ ပညာရေး မနှောင့်နှေး စေချင်တဲ့အတွက် အချိန်မီ လာရောက်အပ်နှံခြင်းလည်းဖြစ်ပါတယ်၊ ကျောင်းသုံးစာအုပ်တွေ၊ စာရေးကိရိယာတွေကိုလည်း အခမဲ့ပေးတဲ့အတွက် ကျေးဇူးလည်း တင်ရှိပါတယ်၊ ဒါကြောင့် မိဘတွေအနေနဲ့ မိမိတို့ရဲ့ သား သမီးတွေကို ကျောင်းအမြန်ဆုံးလာရောက်အပ်နှံကြဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်" ဟု ပြောသည်။

ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင်လည်း ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ထားရှိပြီး ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်း၌လည်း မန္တလေးမြို့ရှိ ကျောင်းများတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည်များ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ အခြေခံပညာကျောင်းပေါင်း ၄၁၉၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၃၅ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း ၃၁၁ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ငွေစုငွေချေးသမဝါယမ အသင်းလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပစဉ်။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ပြင်ဦးလွင် မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်နှင့် ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသား အသင်းသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဒုတိယပါမောက္ခချုပ် ဒေါ်ခင်စန်းယုက ဆောင်ရွက်ပြီး ရှေးဦးစွာ ဘဏ္ဍာရေးရှင်းတမ်းကို ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာနမှ ဒေါ်နှင်းပွင့်ဖြူက ရှင်းလင်းဖတ်ကြားသည်။ ထို့နောက် သဘာပတိက တက်ရောက်လာသော အသင်းသား အသင်းသူများထံမှ အတည်ပြုချက်ရယူခဲ့သည်။ ဆက်လက်၍ အသင်းသား ၄၈၈ ဦးအား အစုပေါ်ချိုးမြှင့်ငွေကျပ် သုံးသိန်း၊ အစုပေါ်အမြတ်ငွေ ၁၀၄ ဒသမ ၄ သိန်းနှင့် စုဆောင်းငွေပေါ်အတိုး ၃၁၂ ဒသမ ၄ သိန်း စုစုပေါင်းငွေကျပ် ၄၁၉ ဒသမ ၈ သိန်းကျော် ထုတ်ပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဖြူလူသစ် (ခရိုင် ပြန်/ဆက်)**

# ပညာသင်ကြားခြင်းသည် ကလေးများ၏ ဘဝရှေ့ရေးအတွက် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်



**နေပြည်တော် မေ ၂၃**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပညာသင်ကြားခြင်းသည် ကလေးများ၏ ဘဝရှေ့ရေးအတွက် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် ပညာရေးမြှင့်တင်မှုကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း (KG+9) အခြေခံပညာအလယ်တန်းအဆင့် ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ (KG+9) အဆင့် ပြီးဆုံးသည့်အခါ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားမည့် ကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်သလို သတ်မှတ်အရည်အချင်းပြည့်မီပါက အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade-9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့လာခွင့် ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းနှစ်ကျောင်းကို ပျဉ်းမနားမြို့နယ် အ.ထ.က(၁)နှင့် ပုဗ္ဗသီရိမြို့နယ် အ.ထ.က(၂၀)တို့တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာတော့ လယ်ဝေးမြို့နယ် အ.ထ.က(ပျံချီ)နှင့် တပ်ကုန်းမြို့နယ် အ.ထ.က (MRTV) တို့တွင် တိုးချဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ကျောင်းအပ်သည့် ကလေးများအတွက် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ "ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်ဆောင်ပုဒ်ကို မိဘအုပ်ထိန်းသူများ၊ ရပ်ရွာလူထုများ၊ ဌာနဆိုင်ရာများအနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကို စာပေ ပညာတတ်မြောက်စေရေးအပြင် ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံသားကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြား ပြုစုပျိုးထောင်ကြရန်အတွက် အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က တာဝန်ရှိသူများထံ အခမဲ့ပုံနှိပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများ ပေးအပ်ကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဖျော်ဖြေကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုများကို ကြည့်ရှုအားပေးကာ အဆိုပါကျောင်းရှိ ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# မြန်မာစာ မြန်မာစကား

## မင် နှင့် မြား

**မင်** ကို **မှင်** ဟု အသံထွက်သဖြင့် **မှင်** ဟု ရေးမှားခြင်း၊ **မြား** ကို **မျှား**ဟု အသံထွက်သဖြင့် **မြား**၊ **မျှား** ဟု ရေးမှားခြင်းများကို မကြာမကြာ မြင်တွေ့နေရပါသည်။

မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းတွင် **မင်**နှင့်ဆိုင်သော ဝေါဟာရများနှင့် ပတ်သက်၍ **"မင်ကြောင်ထိုး၊ မင်ခံစက္ကူ၊ မင်ရည်၊ မင်သေ့၊ မင်အိုး မင်တံ"**ဟူသော ဝေါဟာရများကို ဟထိုးမဲ့ **မင်**နှင့် ရေးရန် ပြထားပါသည်။

မြန်မာအဘိဓာန်တွင်လည်း **"မင်၊ မင်ကျမင်န၊ မင်ကြောင်၊ မင်ခံစက္ကူ၊ မင်စာ၊ မင်နှိပ်စက္ကူ၊ မင်သေ့"** ဟူသော ဟထိုးမဲ့ **မင်** ဝေါဟာရတည်ပုဒ်များကို ထည့်ပြပြီး အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။




**မင်** ၏အနက်မှာ စွဲလမ်း၊ စွန်းထင်း ဖြစ်သည်။ **မင်** ဆိုသည်မှာ စွဲလမ်း၊ စွန်းထင်းသောအရာ ဖြစ်သည်ဟု ဖွင့်ကြသည်။ မြန်မာစကားပင် ဖြစ်သည်ဟူ၍လည်း ဆိုကြသည်။ အချို့ကမူ **မင်၊ မဲ၊ မည်း** အနက်တူယူ၍ အနက်ရောင်၌ ရှိသောအရာဟုလည်း အနက်ဖွင့်ကြသည်။ မှားသည်ဟု မဆိုသာပါ။ သို့ရာတွင် သက္ကတ /ပါဠိ မသိပုဒ်မှ လာသည်ဟူသော အဆိုမှာလည်း အတော်အားကောင်းပါသည်။ **မသိ** မှ မံသိ၊ မင်သိ၊ မံ/မင် ဖြစ်လာသည်ဟု ဆိုသည်။ ရှေးအရေးများတွင် **မံ** အရေးအတော်များခဲ့သည်။ ဟိန္ဒီတွင်လည်း သက္ကတသို့လိုက်၍ **မသိ** ဟုပင် ရေးသည်။ သက္ကတ/ ပါဠိပုဒ် **မသိ**မှ လာသည်ဟူသော အယူအဆကို လက်ခံနိုင်ဖွယ်ရှိပါသည်။

ထို့ကြောင့်လည်း မြန်မာအဘိဓာန်တွင် **မင်**ကို "ရေးခြစ်၊ ပုံနှိပ်၊ ထိုးနှံရာတွင် သုံးသော အရောင်ရှိ အရည်၊ အစေး"ဟု ဖွင့်ပြပြီး ရင်းမြစ်စကားကို ပါဠိပုဒ် **မသိ**ဟု ဖော်ပြထားပါသည်။

မည်သည့်ဝေါဟာရက လာသည်ဖြစ်စေ မင်အိုး၊ မင်တံ၊ မင်ရည်တို့မှ **မင်**တွင် ဟထိုးပါရန် မလိုသည်မှာ ထင်ရှားပါသည်။ **မင်** ဟု ဟထိုးမဲ့ ရေးပြီး **မှင်** ဟု ဟထိုးရှိသံဖြင့် အသံထွက်ခွင့်ကား ရှိပါသည်။ **ခေတ်မီ၊ မကြာမီ၊ အချိန်မီ** စသည်တို့ကို **ခေတ်မှီ၊ မကြာမှီ၊ အချိန်မှီ** စသည်ဖြင့် အသံထွက်နေကြသည့် နည်းတူပင်ဖြစ်သည်။

ဟထိုးမဲ့ရေးရပြီး ဟထိုးရှိသံဖြင့် ပြောဆိုရွတ်ဖတ်ကြရသော အခြားစကား တစ်လုံးမှာ **မြား** ဖြစ်သည်။ လေးမြား လက်နက်မှ **မြား** ကို ဆိုလိုပါသည်။




**မြား** ကို **မ** တွင် ရရစ်လျက် ဟထိုးမပါ ရေးရိုးဖြစ်သည်။ ရှည်လျားဖြောင့်စင်း အနက်ရှိသော **မား**ဟူသော ပုဒ်နှင့် အနက်ဆက်နွယ်သည်။ ရှည်လျားဖြောင့်စင်းသော အချောင်းအတံကို **မြား**ဟု ခေါ်ဆိုခြင်းဖြစ်သည်။

**"မြားအတွင်း ကားမရပ်ရ"**ဟု ရေးရမည့်အစား **"မျှားအတွင်း ကားမရပ်ရ"**ဟု ရေးမှားကြသည်။ အမှန်ရေးဖို့ သတိရှိသင့်ကြသည်။

ထုပ်လျှောက် ဒိုင်း**မြား**မှ **မြား**ကိုလည်း ဟထိုးမဲ့ပင် ရေးရသည်။ ပစ်သော **မြား**နှင့် အနက်သဘောချင်း တူသည်။ မြန်မာအဘိဓာန်တွင် **မြား**ကို အနက်(၂)ခု ပေးသည်။ "၁၊ လေးညှို့၏ ကန်အားဖြင့် ပစ်လွှတ်ရသော အဖျားချွန်ထက်သည့် လက်နက်။ ၂၊ အခြင်တင်ရန် ဒိုင်းများပေါ်တွင် ကန့်လန့်ရိုက်ထားသော တန်း။"

လက်နက်လေး**မြား**တွင် **မြား**ကို **မ** တွင်ရစ်လျက် ရေးရသော်လည်း **မ** တွင် ယပင့်ဟထိုးယှဉ်လျက် **မျှား**ဟူသော အရေးလည်း ရှိသေးသည်။ မယပင့်ဟထိုး **"မျှား"**ကို **မျှား**၍ခေါ်သည်၊ ငါး**မျှား**သည်၊ ငါး**မျှား**ချိတ်တို့တွင် သုံးသည်။

**မင်သေ့နှင့်မင်၊ ရေးလိုလျှင်၊ မတွင် ဟထိုးမဲ့။**

**ထုပ်လျှောက် ဒိုင်းမြား၊ လေးနှင့်မြား၊ မခြားနည်းတူ၊ ဟမကူ၊ ရေးမှုစပ်ထုံးဖွဲ့။**



မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

# အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများစတင် ပထမဆုံးရက် ကျောင်းအပ်နှံသူ ၁၇၉၂၈၀၈ ဦးရှိ



**နေပြည်တော် မေ ၂၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် ယနေ့မှ ဇွန် ၂ ရက်အထိ သတ်မှတ်၍ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို ယနေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေးဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပထမဆုံးရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၁၇၉၂၈၀၈ ဦးရှိပြီး ကျောင်းများ၏လုံခြုံရေးနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်သည့် ဆရာ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့်တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# နေပြည်တော်၌ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေး ရက်သတ္တပတ် စတင်ဆောင်ရွက်

## Grade-4 ကစပြီး Grade-12 အထိ ကလေးတွေအားလုံးကို စာအုပ်စာပေဖတ်ရှုဖို့ တရားဝင်အချိန်ဇယားရေးဆွဲပြီး စီစဉ်ဆောင်ရွက်ထား



ဦးဝင်းခိုင်



ဒေါ်ယမင်းသူ



ဒေါ်သက်ထားဆွေ

**နေပြည်တော် မေ ၂၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ သတ်မှတ်ထားကာ ယနေ့တွင် ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စတင်ဆောင်ရွက်ကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အခြေခံပညာ ကျောင်းများတွင်လည်း ယနေ့ နံနက်ပိုင်းမှ စတင်၍ "ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား တာဝန်ကျ ဆရာ ဆရာမများက ကျောင်းအပ်နှံရာတွင် စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးကြသည်။

ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က "နိုင်ငံတော်အဆင့် လူထုလှုပ်ရှားမှုအသွင်နဲ့ မေ ၁၆ ရက်မှာ ကျောင်းအပ်နှံရေး ရက်သတ္တပတ်ဆိုင်းဘုတ်တွေကို နေပြည်တော် အထင်ကရနေရာတွေမှာ စိုက်ထူခဲ့ပါတယ်။ ကျောင်းအပ်နှံရေး စတင်ပြင်ဆင်ပြီဆိုတာနဲ့တစ်ပြိုင်နက် ကျောင်းသန့်ရှင်းသာယာလှပရေးနဲ့ ကျောင်းတွင်း ကျောင်းပြင်တွေကို ပြင်ဆင်ပါတယ်။ မေ ၂၃ ရက်က စပြီး ကျောင်းအပ်လက်ခံပြီဆိုတာကို ကျောင်းသားတွေ၊ ကျောင်းသားမိဘတွေ၊ မိဘဆရာအသင်းတွေ၊ ကျောင်းအကျိုးတော်ဆောင်တွေ၊ ရပ်မိရပ်ဖတွေ၊ သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ချိတ်ဆက်အသိပေးဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသားအသစ်အဟောင်း မည်သူမဆို ပုံနှိပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံတို့ကို ကျောင်းလာအပ်တာနဲ့ တစ်ပါတည်းပေးနိုင်ဖို့ ဆောင်ရွက်ထားပါတယ်။ အခြေခံပညာဦးစီးဌာနက ထုတ်ပြန်ထားတဲ့အတိုင်း ကျွန်တော့်ကျောင်းမှာ ဆရာ ဆရာမများနဲ့ပတ်သက်ပြီး အလုံအလောက် ရှိပါတယ်။ ဌာနသတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ ကျောင်းတစ်ကျောင်း ဖြစ်တဲ့ အပြင်သင်ရိုးညွှန်းတမ်းနဲ့ပတ်သက်ပြီး ဝိရောဓိမရှိလောက်အောင် ကောင်းမွန်အောင် ဆောင်ရွက်ထားပါတယ်။ သင်ရိုးညွှန်းတမ်းနဲ့ အညီ ခွဲဝေထားတဲ့စာသင်ချိန်ကလည်း ပြီးပြည့်စုံတဲ့ ပညာရေးစနစ်တစ်ခုကိုသွားလို့ရတဲ့ အနေအထားဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲက စာဖတ်ရှိန်မြှင့်တင်ရေးကို အလေးပေး ဆောင်ရွက်ကြဖို့ ညွှန်ကြားထားတာရှိတဲ့အတွက် အချိန်ဇယားခွဲဝေမှုမှာ စာဖတ်ချိန်ကို အလယ်တန်း ၄ ချိန်၊ အထက်တန်း ၃ ချိန် ပေးထားပါတယ်။ Grade-4 ကစပြီး Grade-12အထိ ကလေးတွေအားလုံးကို စာအုပ်စာပေဖတ်ရှုဖို့ တရားဝင်အချိန်ဇယားရေးဆွဲပြီး စီစဉ်ဆောင်ရွက်ထားပါတယ်။ ကျောင်းသား ကျောင်းသူအားလုံး ပညာသင်ယူနေတာဟာ အကောင်းဆုံးဖြစ်ပါတယ်။ ဒါကြောင့် ပညာသင်ယူဖို့ အခွင့်အလမ်းကို ကျွန်တော်တို့ ပညာရေးဌာနက ဝန်ထမ်းတွေနဲ့ မိဘပြည်သူတွေ ပေါင်းစပ်ပြီး ကလေး၊ လူငယ်အားလုံး ပျော်ရွှင်ကျန်းမာစွာ ပညာသင်ယူကြပါစို့လို့ တိုက်တွန်းလိုပါတယ်" ဟု ပြောကြားသည်။

အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယမင်းသူက "ကျောင်းအပ်နှံရေးနေ့လို့ စပြီး သိရှိကတည်းက ကျောင်းဝင်း၊ ကျောင်းပြင်မှာ သန့်ရှင်းရေးပြုလုပ်ထားပါတယ်။ စာသင်ခန်းတွေမှာလည်း ခုံတွေ စနစ်တကျ နေရာချထားပါတယ်။ အခမဲ့ ကျောင်းအပ်နှံရေးဖြစ်တဲ့အတွက် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူတွေအတွက် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံတွေကို ပေးအပ်သွားမှာ ဖြစ်ပါတယ်။ မူလတန်းအတွက် ကျောင်းဝတ်စုံ အဖြူအစိမ်းကိုလည်း ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ကျောင်းပြောင်း ကျောင်းရွှေ့အတွက် ခက်ခဲတဲ့ဒေသတွေက လာရောက် အပ်နှံတယ်ဆိုရင် ကျောင်းပြောင်းလက်မှတ် မပါသော်လည်း ယာယီလက်ခံထားပါတယ်။ အမှန်တကယ်ခက်ခဲတဲ့ ဒေသတွေမှာ တစ်နှစ်ပတ်လုံး ကျောင်းပြောင်း လက်မှတ် မရောက်ခဲ့ရင်လည်း လက်ခံပြီး စာမေးပွဲဖြေခွင့်ရအောင် ဆောင်ရွက်ပေးပါတယ်။ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဒီနှစ်မှာတော့ စာဖတ်ချိန် အချိန်ဇယားထည့်ဆွဲထားပါတယ်။ ယခင်အချိန်စာရင်းတုန်းကလည်း အတန်းစုံက တစ်ပတ်မှာတစ်ချိန် စာကြည့်တိုက် တက်ရပါတယ်။ မိဘတွေအနေနဲ့ မိမိတို့ရဲ့ သား သမီးတွေကို ကျောင်းလာအပ်ကြဖို့ ဖိတ်ခေါ်ပါတယ်၊ တိုက်တွန်းပါတယ်" ဟု ပြောကြားသည်။

အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်ထားဆွေက " ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် မေ ၂၃ ရက်ကနေ ဇွန် ၂ ရက်အထိ သတ်မှတ်ပါတယ်။ ဒါပေမယ့် ခက်ခဲတဲ့ဒေသကဆိုရင် အဆင်ပြေသလို လက်ခံပေးသွားမှာဖြစ်ပါတယ်။ ကျောင်းအပ်လက်ခံချိန်ကိုတော့ ဝန်ထမ်းတွေ အများဆုံးနေထိုင်တာဖြစ်တဲ့အတွက် မနက် ၇ နာရီကနေ ညနေ ၄ နာရီအထိ သတ်မှတ်ပါတယ်။ နွေရာသီကျောင်းပိတ်ရက်မှာဆိုရင် သင်ကြားရေးဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေအတွက် သင်တန်းလေးတွေ ဖွင့်ပေးထားပါတယ်။ စာဖတ်ရှိန် မြှင့်တင်ရေးအတွက် စာကြည့်ချိန်ကို အချိန်ဇယားထဲ ထည့်ဆွဲရမယ်ဆိုတော့ ကျောင်းသား ကျောင်းသူတွေအတွက် သင့်တော် ကောင်းမွန်တယ်လို့ ထင်မိပါတယ်။ ကျောင်းနေအရွယ် ကလေးအားလုံး ပညာကို မဖြစ်မနေသင်ယူရမှာ ဖြစ်တဲ့အတွက် မိဘတွေအနေနဲ့ ကျောင်းကို လာရောက်အပ်နှံကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟု ပြောကြားသည်။

ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက်လည်း ကျောင်းဥပဓိရုပ် ကောင်းမွန်စေရန် ဆောင်ရွက်ထားခြင်း၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်ဆောင်ပုဒ်များ စိုက်ထူထားခြင်း၊ ကျောင်းအပ်ရန် စာသင်ခန်းများပြစနစ်ပုံ ဆိုင်းဘုတ်များထားရှိခြင်း၊ စာသင်ခန်းများအတွင်း၌လည်း စာသင်ခုံများစနစ်တကျ နေရာချထားခြင်းနှင့် ကျောင်းတွင်း ကျောင်းပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများနှင့် ကျောင်းလာရောက် အပ်နှံသည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက်လည်း သက်ဆိုင်ရာ မြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် အပြင် ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာဖြင့် ကျောင်းတက်၊ ကျောင်းဆင်း သွားလာနိုင်ရန်အတွက် ကျောင်းကြို ပို့ယာဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးထားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီး၌ ယနေ့တွင် ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ မူလတန်းအဆင့်၌ ၅၂၃၀၆ ဦး၊ အလယ်တန်းအဆင့်၌ ၂၁၀၀၆ ဦးနှင့် အထက်တန်းအဆင့်၌ ၈၇၇၉ ဦး စုစုပေါင်း ၈၂၀၉၁ ဦး လာရောက်အပ်နှံကြကြောင်း သိရသည်။

**သန့်ဂျိုင်း**

**ဓာတ်ပုံ - ကိုအေးသန်း**

# ကျောင်းအပ်နှံရေးသီတင်းပတ် ပထမဆုံးနေ့တွင် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နေကြမှု မြင်ကွင်းများ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် KG တန်းမှ Grade-12 အထိ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်လက်ခံခြင်းကို ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သည့် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ စတင်ဆောင်ရွက်လျက်ရှိရာ ယနေ့ မေ ၂၃ ရက် နံနက်ပိုင်းတွင် နိုင်ငံတစ်ဝန်းရှိ ကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံနေသည့် မြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။ ကျောင်းအပ်ရာတွင် ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိဘဲ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးလျက်ရှိသည်။



ကန့်ဘလူမြို့နယ်မှ ကျောင်းများတွင် ကျောင်းအပ်လက်ခံနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းအောင်နှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးစဉ်။ အောင်ဝင်းငြိမ်း(ကန့်ဘလူ)



ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းတစ်ကျောင်း၌ ကျောင်းအပ် လက်ခံနေစဉ်။ ထွန်းထွန်းဇော်(ပြန်/ဆက်)



မင်းလှမြို့နယ်မှ ကျောင်းတစ်ကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေစဉ်။ (မင်းလှမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၅၄ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး ငါးကျောင်းတို့၌ ကျောင်းအပ်လက်ခံလျက်ရှိသည်။) ပေါက်စ(မင်းလှ)



မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်မှ ကျောင်းတစ်ကျောင်း၌ ကျောင်းအပ်လက်ခံနေစဉ်။ (ငါန်းဇွန်မြို့နယ်အတွင်း ယခု ပညာသင်နှစ်တွင် အခြေခံပညာကျောင်း ၁၂၇ ကျောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။) သက်နောင်ဦး(ငါန်းဇွန်)



ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အတွင်းမှ ကျောင်းတစ်ကျောင်း၌ ကျောင်းအပ်လက်ခံနေစဉ်။

ကျော်ဆန်းမြင့်



ရခိုင်ပြည်နယ် ဂွမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းအပ်နေကြစဉ်။ ရွှေရည်ဝင်းကျော်



စစ်ကိုင်းမြို့ရှိ အခြေခံပညာကျောင်းတစ်ကျောင်းတွင် လာရောက်ကျောင်းအပ်ကြသည့် ကျောင်းသား ကျောင်းသူများ။ ဇော်မြင့်နိုင်



ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်မှ ကျောင်းတစ်ကျောင်း၌ ကျောင်းအပ်လက်ခံနေစဉ်။ (ဇီးကုန်းမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၀၄ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းလေးကျောင်းတို့၌ ကျောင်းအပ်လက်ခံလျက်ရှိသည်။) တင့်ဆွေ(ပြန်/ဆက်)



ဒေးဒရဲမြို့နယ်မှ ကျောင်းတစ်ကျောင်း၌ ကျောင်းအပ်နှံသည့် ကျောင်းသားတစ်ဦးအား စာအုပ်များ ထုတ်ပေးနေစဉ်။ (ဒေးဒရဲမြို့နယ်၌ အခြေခံပညာကျောင်း ၂၂၁ ကျောင်းတွင် ကျောင်းအပ်လက်ခံလျက်ရှိကြောင်း သိရသည်။) အေဇာလင်း



ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ကျောင်းအပ်နှံသည့် ကျောင်းသားတစ်ဦးအား စာအုပ်များ ထုတ်ပေးနေစဉ်။ (ပေါက်ခေါင်းမြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၂၁၉ ကျောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။) သန်းထွန်းအောင်(ပြန်/ဆက်)

# ကျောင်းအပ်နှံရေးသီတင်းပတ် ပထမဆုံးနေ့တွင် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုမြင်ကွင်း



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများ စစ်တွေမြို့ အ.ထ.က (၁) ၌၂၀၂၄ -၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးကြစဉ်။ တင်ထွန်း (ပြန်/ဆက်)၊ ဝင်းမင်းစိုး



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနားကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။ အောင်ဇင်မြင့် (ပြန်/ဆက်)



ကချင်ပြည်နယ် ရွှေကူမြို့၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။ မြို့နယ် (ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။ ဘာမီသာ (ပခုက္ကူ)



အိမ်မဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။ ချစ်သက်လယ် (အိမ်မဲ)



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။ နေမင်း (ဆီဆိုင်)



မြဝတီမြို့နယ်၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင် ကြည့်ရှုအားပေးစဉ်။ ဇာဖြူဝင်း (မြဝတီ)



အင်းတော်မြို့နယ်၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။ အင်းတော်(ပြန်/ဆက်)



ကန့်ကြီးထောင့်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။ မြို့နယ် (ပြန်/ဆက်)



ကျောက်ဖြူမြို့နယ်၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။ တင်ထွန်းဦး၊ ဖြိုးဝေလင်း

# ဘီးလင်းမြို့နယ် ရန်ကုန် - မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမပေါ်ရှိ တံတားတစ်စင်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် မေ ၂၃**

အကြမ်းဖက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်း ကုန်စည်စီးဆင်းမှု ရပ်တန့်စေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုနေသည့် လမ်း၊ တံတားများနှင့် မီးရထားလမ်းများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူ နေထိုင်လျက်ရှိသောနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်ကို ပြည်သူများ သိရှိပြီးဖြစ်သည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အများပြည်သူ အားထားအသုံးပြုလျက်ရှိသည့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရန်ကုန် - မော်လမြိုင်သွား ပြည်ထောင်စုလမ်းမ ပေါ်ရှိ မိုင်တိုင်အမှတ်၊ ၁၂၈/၁ နှင့် ၁၂၈/၂ ကြား၊ တံတားအမှတ် (၁/၁၃၀)၊ အရှည် ၁၀၆ ပေ၊ အကျယ် ၂၄ ပေ၊ ခံနိုင်ဝန်တန် ၆၀ ရှိသံကူကွန်ကရစ်အမျိုးအစား မစောတံတားကို ယနေ့နံနက် ၅ နာရီခန့်တွင် KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် တံတားပြိုကျ ပျက်စီးမှု ဖြစ်ပွားခဲ့သည်။ ထိုသို့ တံတားကို မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားပေါ်တွင် ဖြတ်သန်းမောင်းနှင်နေသည့် မော်တော်ဆိုင်ကယ် သုံးစီး တံတားအောက်သို့ပြုတ်ကျခဲ့ပြီး ခရီးသွားပြည်သူတစ်ဦး သေဆုံး၍ နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူ နှစ်ဦးအား ဘီးလင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရသည်။



ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ မစောတံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ မစောတံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများ အနေဖြင့် အများပြည်သူသွားလာမှု ခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှုပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့်ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် တံတားပျက်စီးမှုအား သက်ဆိုင်ရာလမ်း/တံတားဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက အမြန်ဆုံး ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆီဆိုင်မြို့နယ်တွင် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ထီဗွာကျေးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မေ ၁၅ ရက်မှ ၁၇ ရက်အထိ ကျေးရွာအတွင်းဝင်ရောက်၍ ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် နေအိမ် ၄၀ ကျော် မီးလောင်ပျက်စီးခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်လှုံ့ဆော်နေသည်ကို တွေ့ရှိရသည်။

အေးချမ်းတည်ငြိမ်လျက်ရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် PNLA အဖွဲ့မှ ငြိမ်းချမ်းမှုကိုမလိုလားသူအချို့နှင့် အကြမ်းဖက်ပူးပေါင်းအဖွဲ့များက တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်စခန်းများနှင့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိသည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရသည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးလောင်ပျက်စီးခဲ့သည့် ကျေးရွာများမှ ဒေသခံတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။




ယခုဖြစ်စဉ်မှာလည်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို ထီဗွာကျေးရွာအတွင်းမှ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားပြီး ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၂၃**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄ - ကနှင့် ပုဒ်မ ၅၀၅ - က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၂၂ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Hnin Htet Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၅)ရပ်ကွက်နေ နှင်းထက်အောင်အား ည ၈ နာရီ ၄၅ မိနစ်တွင် ကျောက်တံတားမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူ၊ ဆရာ ဆရာမများ ရန်ကုန်မြို့၌ လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်

**နေပြည်တော်  မေ ၂၃**

အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူ၊ ဆရာ ဆရာမများသည် လေ့လာရေးခရီးစဉ်အဖြစ် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြသည်။ **(အပေါ်ပုံ)**

ဦးစွာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး လေ့လာရေးခရီး လာရောက်ကြသော လေကြောင်းလူငယ် သင်တန်းသားများအား ပြခန်းခန်းမဆောင်တွင် ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု (ကိုမိုဂရမ်) နမူနာပုံစံ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RHM-200 ၏ အတွင်းပိုင်း ပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြ နမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကိုတိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင်ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေစသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကိုတိုင်းတာဖော်ပြပေးသည့်စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းတွင် ပါဝင်သည့် ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3 D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့် ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာ ပုံစံငယ်တို့အား တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော် ပြသသည့်သီချင်း MTV ၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖို တည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျ အသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ ယနေ့မှစတင်၍ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံလျက်ရှိ

**ရန်ကုန်  မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် ယနေ့မှ ဇွန် ၂ ရက်အထိ သတ်မှတ်ထားကာ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံခြင်းများကို ယနေ့ နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော စာရေးကိရိယာများ၊ ကျောင်းသုံးစာအုပ်များနှင့် ကျောင်းဝတ်စုံအဖြူ၊ အစိမ်းများကို တစ်ပါတည်း အခမဲ့ထောက်ပံ့ပေးအပ်ကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် "ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်ကြပါစို့" ကျောင်းအပ်နှံရေး သီတင်းပတ်ဆောင်ပုဒ်နှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ လာရောက် ကျောင်းအပ်နှံလျက်ရှိသည်ကို တွေ့ရသည်။ **ဇော်မင်းလတ် - MNA**



## လျှပ်စစ်သုံးယာဉ်များနှင့် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော်  မေ ၂၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Win Motor Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် LIVAN Maple အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gyi Group of Companies Limited. မှ တင်သွင်းလာသော JAC E30X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များနှင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Pingalax အမျိုးအစား လျှပ်စစ်သုံးယာဉ် အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ရာသီတွင် ပြိုင်ပွဲအရပ်ရပ် ၅၁ ပွဲဆက် ရှုံးပွဲမရှိ ကစားထားနိုင်သော်လည်း အတ္တလန္တာအသင်းကို ဂိုးပြတ်ရှုံးနိမ့်မှုနှင့်အတူ ဆုဖလားကိုင်မြှောက်ခွင့် လွဲချော်ခဲ့သည့်အပြင် စံချိန်မှတ်တမ်းသစ် ရေးထိုးနိုင်မည့် အခွင့်အရေးကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

လေဗာကူဆင်အသင်းသည် ဘွန်ဒက်စ်လီဂါသမိုင်းတစ်လျှောက်တွင် ရှုံးပွဲမရှိစံချိန်ဖြင့် အမှတ်ပေးဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးထားနိုင်သည့် အသင်းဖြစ်သည်။ အတ္တလန္တာအသင်းမှ ချာလ်တန်တောင်ပံကစားသမားဟောင်း လွတ်ခ်မန်းသည် ၁၉၇၅ ခုနှစ်နောက်ပိုင်း ဥရောပပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဟက်ထရစ်သွင်းယူနိုင်သည့် ခြောက်ဦးမြောက် ကစားသမားဖြစ်လာခဲ့သည်။

အတ္တလန္တာအသင်းသည် ကိုပါအီတာလီယာဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျူဗင်တပ်စ်အသင်းကို ရှုံးနိမ့်ကာ ယခုအကြိမ် ယူရိုပါလိဂ် ဗိုလ်လုပွဲတွင် ရှုံးပွဲမရှိ မှတ်တမ်းကောင်း ပိုင်ဆိုင်ထားသည့် လေဗာကူဆင်အသင်းကို အနိုင်ယူကာ ဖလားကိုင်မြှောက် အောင်ပွဲခံနိုင်ခဲ့သည်။

လေဗာကူဆင်အသင်းသည် အတ္တလန္တာအသင်းကို ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများက ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ လေဗာကူဆင်အသင်းသည် လာမည့် မေ ၂၆ ရက်တွင် ဒီအက်ဖ်ဘီပိုကယ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် ဘွန်ဒက်စ်လီဂါ - ၂ မှ ကိုင်ဇာစလာတန်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရန် ကျန်ရှိနေသေးသည်။ **အောင်ဇော်**

❇ *ကျောဖုံးမှ*

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ကာ မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်သည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် ၂၆-၅-၂၀၂၄ ရက်နေ့ ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညမှ ၂၇-၅-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် ၂၃-၅-၂၀၂၄ ရက်နေ့မှ ၂၅-၅-၂၀၂၄ ရက်နေ့အတွင်း တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ကိုးပေမှ ၁၂ ပေ ခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် ၂၃-၅-၂၀၂၄ ရက်နေ့မှ ၂၄-၅-၂၀၂၄ ရက်နေ့အတွင်း တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ကိုးပေမှ ၁၃ ပေခန့်၊ ၂၅-၅-၂၀၂၄ ရက်နေ့မှ ၂၆-၅-၂၀၂၄ ရက်နေ့အတွင်း တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ဇူလိုင် ၄ ရက်တွင် အထွေထွေရွေးကောက်ပွဲပြုလုပ်ရန် ဗြိတိန်ဝန်ကြီးချုပ် ဆူနက် ကြေညာ

**လန်ဒန် မေ ၂၃**

ဇူလိုင် ၄ ရက်တွင် ဗြိတိန်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကိုကျင်းပမည်ဟု ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီ ဆူနက်က ကြေညာခဲ့သည်။ ၎င်းတို့ ကွန်ဆာဗေးတစ်ပါတီ၏ ၁၄ နှစ်ကြာအုပ်ချုပ်မှုအတွက် အကြီးမားဆုံး စိန်ခေါ်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဒေါင်းနင်းလမ်း ဝန်ကြီးချုပ်ရုံးအပြင်ဘက်တွင် အဆိုပါကြေညာချက်ကို မေ ၂၂ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဗြိတိန်နိုင်ငံအတွက် အနာဂတ်ကို ရွေးချယ်ရမည့်အချိန် ရောက်ရှိလာပြီဟု ၎င်းက ပြောကြားခဲ့သည်။

ကွန်ဆာဗေးတစ်ပါတီသည် ၂၀၁၀ ပြည့်နှစ်တွင် အာဏာစတင်ရရှိခဲ့သည်။ သို့သော်လည်း ပြည်သူများက အစိုးရအပေါ် မကျေနပ်မှုများမှာ မကြာသေးမီကမှ ကြီးထွားလာခဲ့သည်။ ဗြိတိန်သည် ၂၀၂၀ ပြည့်နှစ်တွင် ဥရောပသမဂ္ဂမှ နုတ်ထွက်ခဲ့သည်။ ထို့နောက် တိုင်းပြည်အတွင်းမှ ပြည်သူများသည် ၎င်းတို့၏ဘဝ တိုးတက်လာမည်ဟု ယူဆခဲ့ကြသည်။ ဘောရစ်ဂျွန်ဆင်၏ အုပ်ချုပ်မှုအောက်တွင် ကိုဗစ်-၁၉ ကူးစက်မှုကာလ ပိတ်ဆို့မှုများနှင့် ပါတီအတွင်း အရှုပ်တော်ပုံများ ဆက်တိုက်ကြုံတွေ့ခဲ့ရသည်။

လစ်ထရပ်စ်အစိုးရသည် စီးပွားရေးမငြိမ်မသက်ဖြစ်မှုများကြောင့် ဝေဖန်မှုများနှင့်ကြုံတွေ့ခဲ့ရသည်။ ဆူနက်သည် ၂၀၂၂ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်းသည် ငွေကြေးဖောင်းပွမှုလျှော့နည်းရန်နှင့် လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်များကို ကိုင်တွယ်ကာ ပြည်သူများ၏ယုံကြည်မှုရရှိအောင် ဆောင်ရွက်ခဲ့သည်။ ယခုလအတွင်း ကောက်ယူထားသည့် စစ်တမ်းများအရ ကွန်ဆာဗေးတစ်ပါတီသည်အတိုက်အခံလေဘာပါတီနှင့်နှိုင်းယှဉ်လျှင် လူထုကြိုက်နှစ်သက်မှုတွင် ၂၀ ရာခိုင်နှုန်း နောက်ကျကျန်ခဲ့သည်ဟု တွေ့ရှိရသည်။

နောက်ဆုံးတွင် အထွေထွေရွေးကောက်ပွဲကျင်းပမည့်နေ့ကို ဝန်ကြီးချုပ်က ကြေညာလိုက်ပြီဖြစ်ကြောင်း၊ တိုင်းပြည်အတွက် အဓိကလိုအပ်သည့် အချိန်ကာလဖြစ်ကြောင်းနှင့် ယခုရွေးကောက်ပွဲသည် အပြောင်းအလဲပြုလုပ်ရန် အခွင့်အရေးဖြစ်ကြောင်း အတိုက်အခံလေဘာပါတီမှ ခေါင်းဆောင်ကီရာစတာမားက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက်။

# တောင်ကိုရီးယား၊ တရုတ်နှင့် ဂျပန် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပမည်

**ဆိုးလ် မေ ၂၃**

တောင်ကိုရီးယား၊ တရုတ်နှင့် ဂျပန် ခေါင်းဆောင်များသည် လာမည့်တနင်္လာနေ့တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သည်။ ထိုသို့ ကျင်းပခြင်းသည် လေးနှစ်ခွဲကာလအတွင်း ပထမဆုံး ဖြစ်သည်။

တောင်ကိုရီးယား သမ္မတ ယွန်ဆုခ်ယော်သည် တရုတ်ဝန်ကြီးချုပ်လီကျန်နှင့် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါးဖူမီယိုတို့နှင့် လာမည့် တနင်္ဂနွေနေ့တွင် တွေ့ဆုံဆွေးနွေးသွားမည် ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက မေ ၂၃ ရက်တွင် ပြောကြားလိုက်သည်။



ဆွေးနွေးသွားမည့် အကြောင်းအရာများတွင် စီးပွားရေး၊ အသိအမြင်များ ပိုမိုကျယ်ပြန့်ရန် ပြည်သူအချင်းချင်း ဖလှယ်ရေး၊ ဒစ်ဂျစ်တယ် နည်းပညာနှင့် သဘာဝဘေးဒုက္ခ ကြုံတွေ့ချိန်တွင် ပူးပေါင်းဆောင်ရွက်ရေးများ ပါဝင်မည်ဖြစ်ကြောင်း သမ္မတရုံးက ဆက်လက်ထုတ်ပြန်ထားသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ၂၀၀၈ ခုနှစ်မှစကာ အာရှသုံးနိုင်ငံ နှစ်စဉ်ဆွေးနွေးပွဲ ကျင်းပသွားရန် သဘောတူခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် ပူးတွဲကြေညာချက် ထုတ်ပြန်သွားမည်ဖြစ်သည်။

သို့သော်လည်း ပဏာမ ဆွေးနွေးပွဲများကို ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ဂျပန်နှင့် ကိုရီးယားတို့၏ အငြင်းပွားမှုကြောင့် မကျင်းပနိုင်ဘဲ နှောင့်နှေးခဲ့ရသည်။ နောက်ဆုံးသုံးပွင့်ဆိုင် ဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည်။

ယခုဆွေးနွေးပွဲသည် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုကို ပုံမှန်အတိုင်းပြန်လည်ဖြစ်စေမည့် အလှည့်အပြောင်း အချိုးအကွေ့တစ်ခုဖြစ်မည်ဖြစ်ကြောင်း သမ္မတရုံးက ဆက်လက်ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဗင်နီဇွဲလားနိုင်ငံ အရှေ့တောင်ဘက်ပိုင်း၌ သတ္တုတွင်းပြိုကျမှုကြောင့် လေးဦးသေဆုံး

**ကရာကက်စ် မေ ၂၃**

ဗင်နီဇွဲလားနိုင်ငံ အရှေ့တောင်ပိုင်း ဘိုလီဗာပြည်နယ်၌ သတ္တုတွင်းပြိုကျမှုကြောင့် လေးဦးထက်မနည်းသေဆုံးခဲ့ကြောင်း အာဏာပိုင်များက မေ ၂၂ ရက်တွင်ပြောသည်။ ပွာဂါတိုရီယို သတ္တုတွင်းခရိုင်တွင် သတ္တုတွင်းတစ်တွင်း ပြိုကျမှုဖြစ်ခဲ့ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုက အစီရင်ခံစာတင်ပြထားသည်။

တရားမဝင် သတ္တုတွင်းပြိုကျမှုကြောင့် လေးဦးသေဆုံးခဲ့ကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုနှင့် ပြည်သူ့ကာကွယ်ရေးဌာန ဒုတိယဝန်ကြီး ကာလို့စ်ပီရက်ဇ်အမ်ပြူဒါက ပြောသည်။ ဗင်နီဇွဲလားနိုင်ငံအရှေ့တောင်ပိုင်းတွင် သတ္တုတွင်းပြိုကျမှုကြောင့် ဒုတိယအကြိမ်မြောက် လူသေဆုံးမှုဖြစ်ပေါ်ခြင်းဖြစ်သည်။ ဖေဖော်ဝါရီလအတွင်းကလည်း ဘိုလီဗာပြည်နယ်တွင် ဘူလာကိုကာ သတ္တုတွင်းပြိုကျမှုကြောင့် ၁၆ ဦး သေဆုံးခဲ့ရသည်။

**ဆင်ဟွာ**

# အစ္စရေးက ဟားမားစ်တို့နှင့် ညှိနှိုင်းဆွေးနွေးမှုများလုပ်ဆောင်ရန်ဆုံးဖြတ်ပြီးနောက် ရာဖာကို ထိုးစစ်ဆင်

**ဂါဇာ မေ ၂၃**

အစ္စရေးစစ်မက်ရေးရာ အစိုးရဝန်ကြီးများအဖွဲ့က ဟားမားစ်တို့နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ဓားစာခံများ လွှတ်ပေးရေးဆိုင်ရာ ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ပြီးနောက် တောင်ပိုင်းဂါဇာမြို့ ဖြစ်သည့် ရာဖာကို ထိုးစစ်ဆင်လျက်ရှိသည်။

အစ္စရေးတပ်ဖွဲ့သည် အပြစ်မဲ့ ပြည်သူများအန္တရာယ်မဖြစ်အောင် ဖြစ်နိုင်သမျှသော ကြိုးစားမှုများကို လုပ်ဆောင်လျက်ရှိသည်ဟု ပြောကြားရင်း ရာဖာကို တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

အစ္စရေးတပ်ဖွဲ့က ၎င်း၏တပ်ဖွဲ့များသည် ဟားမားစ်တို့၏ ဥမင်လိုဏ်ခေါင်းများကို ဖျက်ဆီးခဲ့ပြီး တိုက်ခိုက်ရေးသမားများကို သုတ်သင်ခဲ့သည်ဟု ပြောကြားခဲ့သည်။

အစ္စရေးအစိုးရ အစည်းအဝေးကို မေ ၂၂ ရက်က ပြုလုပ်ခဲ့ပြီး အစ္စရေး စေ့စပ်ညှိနှိုင်းဆွေးနွေးသူများကို ဓားစာခံများ လွှတ်ပေးရေး ဟားမားစ်တို့နှင့် ဆက်လက်ဆွေးနွေးရန် တိုက်တွန်းခဲ့သည်။

ရာဖာရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေသည် ပိုမိုဆိုးရွားလျက်ရှိသည်။

ဒီဇင်ဘာလမှစကာ လူသားချင်း စာနာထောက်ထားမှုပစ္စည်း အနည်းငယ်မျှသာ ဂါဇာကို ဖြတ်ကျော်နိုင်သေးကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# သွေးစစ်ခြင်းဖြင့် အယ်လ်ဇိုင်းမား ပထမအဆင့်ကို သိရှိနိုင်မည်ဟု ဂျပန်နိုင်ငံမှ သုတေသီများပြော

**တိုကျို မေ ၂၃**

လူများတွင် အယ်လ်ဇိုင်းမားလက္ခဏာများမပြသေးမီ အယ်လ်ဇိုင်းမားကိုဖြစ်စေသော ပရိုတင်းများကို သွေးစစ်ခြင်းဖြင့် ထောက်လှမ်းနိုင်ပြီဟု ဂျပန်နိုင်ငံမှ သုတေသီများက ပြောသည်။ တိုကျိုတက္ကသိုလ်မှ ပါမောက္ခ အီဝပ်ဆူဘို တာကီရှီနှင့်အဖွဲ့သည် ၎င်းတို့၏ ရှာဖွေတွေ့ရှိမှုများကို ဆေးဘက်ဆိုင်ရာ ဂျာနယ်တွင် ဖော်ပြခဲ့ကြသည်။

ပုံမှန်မဟုတ်သော ပရိုတင်း တစ်မျိုးဖြစ်သည့် amyloid beta သည် အယ်လ်ဇိုင်းမားလက္ခဏာများမပြမီ လူနာများ၏ဦးနှောက်တွင် စုပုံနေကြောင်း သိရသည်။ လက်တလောတွင် အယ်လ်ဇိုင်းမားရောဂါကို ဦးနှောက်ပုံရိပ်ဖော် စစ်ဆေးမှုများပါဝင်သော နည်းလမ်းဖြင့် ရှာဖွေရသည်။ ဂျပန်နိုင်ငံတွင် အယ်လ်ဇိုင်းမားလက္ခဏာမပြသေးသော လူပေါင်း ၄၇၄ ဦးထံမှ သွေးများကို ရယူကာ အသေးစိတ် ခွဲခြမ်းစိတ်ဖြာမှုများကို သိပ္ပံပညာရှင်များက လုပ်ဆောင်ခဲ့သည်။

ထို့နောက်ရလဒ်ကို ဦးနှောက်ပုံရိပ်ဖော်စစ်ဆေးမှုဖြင့် ရောဂါရှာဖွေတွေ့ရှိထားသူများနှင့် နှိုင်းယှဉ်မှုများ ပြုလုပ်ခဲ့သည်။ အယ်လ်ဇိုင်းမား ရောဂါရှင်များအတွက် ဆေးဝါးသစ်များကို ရောဂါကနဦးအစပိုင်းတွင် အသုံးပြုနိုင်ရန် မကြာသေးမီ အချိန်အတွင်းကမှ တိုးတက်အောင် ပြုလုပ်ထားနိုင်ကြောင်း ပါမောက္ခ အီဝပ်ဆူဘိုတာကီရှီက ပြောသည်။

အနာဂတ်တွင်ရောဂါလက္ခဏာမပြသေးသူများကို ပစ်မှတ်ထားဖွယ်ရှိပြီး သွေးစစ်ခြင်းဖြင့် ရောဂါစောစီးစွာကုသမှုကို အထောက်အကူပြုနိုင်မည်ဟု ၎င်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## သီပေါ သီတဂူစက္ခုဒါန မျက်စိခွဲစိတ်မှုလုပ်ငန်းများ သီတဂူဆရာတော်ကြီးထံ ဩဝါဒခံယူ

**သီပေါ မေ ၂၃**

ကမ္ဘာ့သာသနာပြု သီတဂူဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူအာယုဆေးရုံများ၏ အဓိပတိရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာ သဒ္ဒန္တဉာဏိဿရ အရှင်သူမြတ် ဩဝါဒကိုခံယူ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ကျောင်းတိုက်ပဓာနနာယကနှင့် သီတဂူ(သီပေါ) စက္ခုဒါနဆေးရုံ ကြီးကြပ်ကဲမှုတာဝန်ခံ ဆရာတော်ဘဒ္ဒန္တပညာသီရိ ကြီးကြပ်မှုဖြင့် အခမဲ့မျက်စိခွဲစိတ်မှုလုပ်ငန်းများကို ၂၀၀၈ ခုနှစ် မတ်လမှ ၂၀၂၄ မေ ၁၆ ရက် အထိ (၅၃)ကြိမ်မြောက်အဖြစ် မျက်စိဝေဒနာရှင်ပေါင်း ၃၆၀၇၃ ဦးကို စမ်းသပ်၍ ၈၁၀၉ ဦးကို ခွဲစိတ်ကုသပေးကာ ကျန်လူနာများကို မျက်မှန်၊ မျက်စဉ်းဆေးရည်ဖြင့် ကုသပေးခဲ့ကြောင်း သိရသည်။



အဆိုပါ သီတဂူ(သီပေါ) အခမဲ့ မျက်စိ ခွဲစိတ်မှုလုပ်ငန်းများ ကုသမှုအစီအစဉ် ပြီးမြောက်တိုင်း စာရင်းဇယားများနှင့် အခြေအနေအရပ်ရပ်ကို သီတဂူဆရာတော်ကြီးထံသို့ သွားရောက်တင်ပြခဲ့ပြီး လာမည့် (၅၄)ကြိမ်မြောက် မျက်စိခွဲစိတ် ကုသမှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် သီပေါ သီတဂူတာဝန်ခံ ဆရာတော်က ဩဝါဒခံယူခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

## ကသာအကျဉ်းထောင်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲဆောင်ရွက်

**ကသာ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို မေ ၂၀ ရက်က ကသာမြို့အကျဉ်းဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။



မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဖြိုးသူနှင့် တပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ရာတွင် မီးသတ်ဆေးဘူးအသုံးပြုပုံ၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ပုံ၊ ဂက်(စ်)အိုးအသုံးပြု၍ ချက်ပြုတ်ပါက မီးခလုတ်အဖွင့်၊ အပိတ်သတိထားပြီး ဆောင်ရွက်ရန်နှင့် အရေးပေါ်ဖြစ်လာပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ အဆောက်အအုံများ မီးလောင်ပါက မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ပုံများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲဝင်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး နိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ကသာမြို့အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပညာဝတီရိပ်သာဆရာတော် ဂုဏာဝိသိဋ္ဌပူဇာကျင်းပ

**ရန်ကင်း မေ ၂၃**

နိုင်ငံတော်အစိုးရက ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ရာတွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူသော ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပညာဝတီရိပ်သာကျောင်းတိုက် ပဓာနမဟာနာယက ဘဒ္ဒန္တဇောဂရအား တပည့်ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ဂုဏ်ပြုဂုဏာဝိသိဋ္ဌပူဇာနှင့် သက်တော် ၉၅ ပြည့် ဝိဇာတမွေးနေ့မင်္ဂလာကို မေ ၂၂ ရက် မွန်းလွဲ ၂ နာရီက ရန်ကင်းမြို့နယ် အမှတ် ၅ ရပ်ကွက်ရှိ ဓမ္မိကဓမ္မာရုံ၌ ဆင်ယင်ကျင်းပသည်။

နိုင်ငံတော်အစိုးရက ဆက်ကပ်သည့် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံတော်ကို အမှတ် ၅ ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က ပညာဝတီဆရာတော် ဘဒ္ဒန္တဇောဂရအား ထပ်ဆင့်ဆက်ကပ်သည်။

လှလှထွေး(ပြန်/ဆက်)

## သာစည်မြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးကျင်းပ

**သာစည် မေ ၂၃**

သာစည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှထွန်းက ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်များ၊ အခမဲ့ပညာရေးနှင့် ပညာရေးနှင့် ပတ်သက်ပြီးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး အခြေခံပညာကျောင်းများသို့ အခမဲ့ထောက်ပံ့ပေးသော ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မြို့နယ်(ပြန်/ဆက်)



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၄၅ ကျပ် | ၂၄၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၉၅ ကျပ် | ၂၄၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၂၅ ကျပ် | ၂၇၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၅၀ ကျပ် | ၂၈၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၇၀၀ | ၂၆၄ | ၂၂၈၀၃၀၀ |
| MTSH | ၂၉၅၀ | ၂၈၅၀ | ၆၇၁၄ | ၁၉၁၃၅၉၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂ | ၁၆၀၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၅၉ | ၉၁၄၅၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၆ | ၁၆၂၀၀ |
| EFR | ၁၇၅၀ | ၁၇၀၀ | ၁၀၅ | ၁၇၈၅၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁ | ၄၇၀၀ |
| MAEPC | ၂၃၅၀ | ၂၃၀၀ | ၁၄၅ | ၃၃၃၆၅၀ |




# စစ်တွေမြို့နယ် သင်္ကယ်ပြင်ကျေးရွာ ဈေးအတွင်းရှိ ဖိနပ်ဆိုင် ဆိုလာအားသွင်းစနစ် အပူရှိန်လွန်ကဲပြီး ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွား

နေပြည်တော် မေ ၂၃

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် သင်္ကယ်ပြင်ကျေးရွာဈေးအတွင်း၌ ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ဖိနပ်ဆိုင်၌ အသုံးပြုသော ဆိုလာအားသွင်းစနစ်မှ အပူရှိန်လွန်ကဲပြီး ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကာ အနီးပတ်ဝန်းကျင်ရှိ ဈေးဆိုင်ခန်းများသို့ မီးကူးစက်လောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဈေးအတွင်းရှိ ဆိုင်ခန်းပေါင်း ၆၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၉ ဒသမ ၆၆၂၈ တန်၊ သစ်မာ ၃၂ ဒသမ ၈၀၀၄ တန်၊ အခြား ၈၅ ဒသမ ၂၈၄၆ တန် စုစုပေါင်း ၁၄၇ ဒသမ ၇၄၇၈ တန်၊ ယာဉ်/ ယန္တရား ၁၁ စီး၊ တရားခံ ၂၉ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## အမည်မှန်

ညောင်လေးပင်မြို့၊ အမက ဇလုပ်ကုန်းကျောင်း Grade 8 တန်းမှ (ဘ) ဦးကျော်ဇင်ဝင်း ၏သမီး အမည်မှန်မှာ မမေသွန်းချစ် ဖြစ်ပါကြောင်း။

**မမေသွန်းချစ်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ (အလက-၄) တပ်မြေကျောင်း မှ (Grade-9) အောင်မြင်သော မောင်နန္ဒ၊ Grade-6 မသဇင်မိုးမြင့် တို့၏ ဖခင် ဦးညွန့်ဝင်း ၏အမည်မှန်မှာ ဦးစိန်ညွန့်ဝင်း ၈/ဆဖန(နိုင်)၀၄၉၁၄၁ ဖြစ်ပါကြောင်း။

**ဦးစိန်ညွန့်ဝင်း**

## အမည်ပြောင်း

ဝေါမြို့နယ်၊ အ-ထ-က၊ ဝေါကျောင်း Grade-7 မှ မခိုင်ဇင်သက် (ဘ) ဦးဇော်လင်း၏ သမီးအား ယနေ့မှစ၍ မမျုးပြည့်ဝတီဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမျုးပြည့်ဝတီဟန်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

## အများသိစေရန်ကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာနမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အပြီးအပိုင် ရောင်းချပေးပြီးဖြစ်၍ နေထိုင်ခွင့်ရရှိပြီးသော ဦးကျင်သိန်း (၁၂/သကတ(နိုင်) ၀၃၉၅၃၃) ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အနန္တဂုဏ်ရည်လမ်း၊ တိုက်အမှတ်(၆၂)၊ ဒုတိယထပ်၊ အခန်းအမှတ်(၂၀၂)ကို တိုက်ခန်းအရောင်းအဝယ်အဆက်အစပ် စာချုပ်များဖြင့် ဝယ်ယူလက်ရှိ ပိုင်ဆိုင်နေထိုင်လျက်ရှိသည့် ဒေါ်အိအိချော (၁၂/တမန(နိုင်)၁၁၂၈၁၀) မှ လက်ရှိ ပိုင်ဆိုင်နေထိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း တာဝန်ယူကတိပြုကာ ရောင်းချလိုကြောင်းကမ်းလှမ်း၍ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် လက်ခံထားကာ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူထားသည့်အတိုင်း အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပါသည်။

ယင်းတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အောက်ပါလိပ်စာသို့ ခိုင်လုံသော စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးဝင်းထိန်**
**B.A, H.G.P, R.L, D.B.L, D.M.L ၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံး
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃၅

ဦးဝေကျန် နှင့် ၁။ ဦးကျော်မင်းဦး
၂။ ဒေါ်ဌေးဌေးယဉ်
တရားလို တရားပြိုင်

၁။ ဦးကျော်မင်းဦး(ဘ)ဦးကျော်မင်း၊ ၂။ ဒေါ်ဌေးဌေးယဉ်(အတူနေ လင်မယား)စံပယ်လမ်း၊ ဘုန်းစိုးရပ်၊ မုံရွာမြို့နေ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ခိုင်ထက်သာကုမ္ပဏီလီမိတက်"** ပိုင် ဂျာလင်းမော်တော်ဆိုင်ကယ် အစီးရေ(၇၀)ရောင်းရငွေမှ ကျန်ငွေ၊ တရုတ်ငွေယွမ် (၁၀၀၀၀၀) (တစ်သိန်းတိတိ) နှင့် ညီမျှသော မြန်မာကျပ်ငွေ ကျပ်သိန်း(၅၀၀) တိတိရလိုမှုလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇွန်လ၇ရက်( ၁၃၈၆ခုနှစ်၊ နယုန်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီနီမြင့်)
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက(ခွဲ) သင်္ကယ်ပြင်(သံ) Grade-10 တွင် ပညာသင်ကြားမည့် မထက်ထက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက် ၁၄/အဂပ(နိုင်) ၁၆၂၇၀ ဖြစ်ပါကြောင်း။

**ဦးသန်းထိုက်**

## ပတ်စ်ပို့ပျောက်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကနက်သီရိကျေးရွာနေ ဦးစစ်ဟို၏သားဖြစ်သူ မောင်ညီသုတ ၆/သရခ(နိုင်)၀၈၇၉၃၀ ၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၂၄၃၁၂

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်နေ မစန္ဒာလင်း ၉/မထလ(နိုင်) ၂၇၃၃၆၉ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MH-861439)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၆၇၀၆၂၉

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/ 7095 , Toyota Ipsun Acm21 အမျိုးအစား S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဦး ၉/ကဆန (နိုင်)၁၀၀၈၄၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့။**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက(ဆင်ဖြူကျွန်း) ကျောင်းမှ Grade-9 အောင်မြင်သော မဆုလင်းလက်၏ဖခင် ဦးစံမောင်၏ အမည်မှန်မှာ ဦးစန်းမောင် ၈/စလန (နိုင်)၂၁၁၄၉၂ ဖြစ်ပါကြောင်း။

**ဦးစန်းမောင်**

## ဖခင်အမည်မှန်

ပဲခူးမြို့၊ ရှိန်းပညာ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မအိအိစိုး၊ ပဲခူးမြို့၊ အ-ထ-က မြို့အနောက်(ခ) ကျောင်း Grade-9 မှ မဆုလဲ့နန္ဒီ၊ Grade-5 မှ မမျိုးသီရိကိုကို တို့၏ ဖခင် အမည်မှန် မှာ ဦးကိုကိုထိုက် ၇/ပခန (နိုင်)၆၂၃၅၆ ဖြစ်ပါကြောင်း။

**ဦးကိုကိုထိုက်**

## အဆောက်အဦဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့(၆)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၁/၂၀၂၄-၂၀၂၅)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၆)၊ (၇)၊ (၁၀) နှင့် လျှပ်စစ် အလုပ်ရုံတို့မှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်နေသော စံချိန်စံညွှန်းမီအရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်း ပေးသွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | (၂၄-၅-၂၀၂၄)ရက် |
| **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** | - | (၄-၆-၂၀၂၄)ရက် ညနေ(၄:၃၀) နာရီ |
| **Profile ဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** | - | (၅-၆-၂၀၂၄)ရက် နံနက်(၉:၀၀) နာရီနှင့် (၆-၆-၂၀၂၄)ရက် နံနက်(၉:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** | - | (၇-၆-၂၀၂၄)ရက် နံနက်(၉:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့ (၆) ရုံး၊ မန္တလေးမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် လုပ်ငန်းသုံးပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အဆောက်အဦဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အဆောက်အဦအထူးအဖွဲ့(၆)၊ ဖုန်း-၀၉-၈၅၆၀၈၇၃၂၃၊ ၀၉-၈၆၂၀၃၆၅၅၃၊ အဆောက်အဦအထူးအဖွဲ့(၇)၊ ဖုန်း-၀၉-၄၅၄၈၁၂၇၆၇၊ ၀၉-၈၆၂၀၄၂၃၅၄၊ အဆောက် အဦအထူးအဖွဲ့ (၁၀)၊ ဖုန်း ၀၉- ၄၅၀၅၄၀၃၇၊ ၀၉-၄၀၀၄၀၆၀၆၉၊ ၀၉-၂၅၃၀၇၄၇၈၈ နှင့် လျှပ်စစ်အလုပ်ရုံ၊ ဖုန်း-၀၉-၅၁၄၇၃၆၀၊ ၀၉-၂၄၅၀၄၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။




## အမည်ပြောင်း

စစိုးမိုးကျော်၏သမီး ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဆပ်ကွင်းကျေးရွာအုပ်စု၊ ရွှေအေးချောင်ကျေးရွာ အထက ဆပ်ကွင်းကျောင်း Grade-6အတန်းတွင် ပညာသင်ကြားမည့် မယုဝတီကျော်အား မယွန်းဝတီကျော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မယွန်းဝတီကျော်**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၃-၅-၂၀၂၄)ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၇)၏ ဒေါ်တင်တင်လှ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၅၀)၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဒေါ်ရင်သန့် အစား ဒေါ်ရင်သန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၃) နယ်မြေနေ ဖခင် ဦးသန်းညွှန့် (၁၄/ပသန(နိုင်)၀၂၇၅၆၆)- မိခင် ဒေါ်စန်းစန်းမြင့် (၁၄/ပသန(နိုင်) ၀၂၇၅၆၇) တို့၏သား မောင်နိုင်ဇော်မင်း (၁၄/ပသန(နိုင်)၀၂၇၅၆၈)သည် မိဘများ ပြောဆိုဆုံးမမှုများကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန် သားအဖြစ် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းညွှန့် (၁၄/ပသန(နိုင်)၀၂၇၅၆၆)**
**ဒေါ်စန်းစန်းမြင့် (၁၄/ပသန(နိုင်)၀၂၇၅၆၇)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/29179, Haojue 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်အေးလှိုင် ၁၄/မအပ(နိုင်) ၁၈၇၄၅၂က (ကမ-၃) ပျောက်ဆုံး ၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/ 15515 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်မေဦး ၇/ပခန (နိုင်)၃၀၃၂၉၁ က(ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး (ပဲခူး)**

## "INDIA PRESIDENT'S GOLD MEDAL - PHARMACOLOGY"

## ဘွဲ့ချီးမြှင့်ခံရခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ပြုခြင်း

မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင် ၏သား ဒေါက်တာပိုင်စိုးသူ ၏ဇနီး DR.PRAVEENAR အား ၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသော အိန္ဒိယနိုင်ငံသမ္မတကြီး Smt.Droupadi Murmu ကိုယ်တိုင် တက်ရောက်ချီးမြှင့်သည့် အိန္ဒိယနိုင်ငံ တစ်နိုင်ငံလုံး၏ ပထမဆု၊ ရွှေတံဆိပ်ဆု (Award of Gold Medal in 22nd Convocation of National Board of Examinations in Medical Science (NBEMS) PRESIDENT'S GOLD MEDAL-PHARMACOLOGY ဆု ချီးမြှင့်ခံရသည့်အတွက် မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ နှင့်တကွ အသင်းသူ၊ အသင်းသားများမှ အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**ဦးကျော်ကျော်ဦး**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(က/၂၁၁)၊မြေရေိယာ(၀ဒသမ၀၅၅၁) ဧကအကျယ်အဝန်းရှိ ဒေါ်အမာသီ အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း (၃၀x၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်အား မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်း၊ ၃၄x၃၅လမ်းကြားနေ ဦးသိန်းဝင်းမြင့် (ဘ) ဦးလောအိုက် ၉/မရမ(နိုင်)၀၀၅၆၂၈မှ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း နှင့် ရောင်းချလိုကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအား ပြောကြားခဲ့ ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ မြေကွက်၏ ရောင်းကြေးငွေများအနက် တချို့တစ်ဝက်ကိုပေးချေပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါ က ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ကေသီထွန်း**

**အထက်တန်းရှေ့နေ(စဉ်-၄၉၈၆၄)**
**ကျီကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၊ဖုန်း-၀၉-၄၀၄၂၅၀၀၂၃၊ ၀၉-၈၅၄၈၆၆၀၃၄**

### အမည်ပြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေခဲအင်းအုပ်စု၊ သီရိမင်္ဂလာကျေးရွာနေ ဦးမျိုး၏သမီး မယဉ်ယဉ်ရွှေ ၇/ဒဥန(နိုင်)၂၁၆၁၅၂ အား မသိင်္ဂီနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၃)၊ဦးပိုင်အမှတ်(၂၁)၊ ၅၇x၅၈လမ်းကြား၊ A လမ်းနှင့် B လမ်းကြားရှိဗကသိန်းဇံ အမည်ပေါက် တောဂရန်မြေကွက်အား ပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ်အမှတ်(၁၃၀၈/၁၉၉၇)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်သန်းသန်းနွယ်ထံမှ၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၅၅၇၄/၁၉၉၇)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်စိုးအောင်၉/မရတ(နိုင်)၀၅၅၉၆၄၊ ဦးစည်သူလင်း ၉/မရမ(နိုင်)၀၀၃၈၈၈တို့၏(SP ရရှိသူ ဦးတင်ထွေး) တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၀၆၆၀/ ၂၀၂၄-၂၀၂၅ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### မိဘအမည်မှန်

အိမ်မဲမြို့နယ်၊ အထက(၁)၊ အိမ်မဲကျောင်းမှ Grade-9 အောင်မြင်ပြီးသော မရှင်းသန့်ဝတီ၏မိဘအမည်မှန်မှာ(ဘ) ဦးကျော်မင်းအောင် ၁၄/ဝခမ(နိုင်)၁၇၇၈၅၆ နှင့်အမိ ဒေါ်သော်သော်ရီဝင်း ၁၄/ဝခမ(နိုင်)၁၅၆၆၀၃ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါ်နှောင်းဝသုန်ထက် (ခ)ဒေါ်နှင်းနုဝါ ၁/မကန(နိုင်)၁၃၆၄၅၇ နှင့် ဒေါ်နှောင်းဝသုန်ထက်သည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၃၅၂၀၆, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြကျော် ၁၄/ပတန(နိုင်)၀၉၀၇၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၃၄၄၃၃ ယာဉ်လက်ဝယ်ရှိသူ ဦးရှိုင်းထက်အောင် ၁၄/မအပ(နိုင်)၂၇၈၈၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

### အမည်ပြောင်း

(ဘ)ဦးစန်းကို ၏သမီး ဘားအံမြို့၊ ယူရီကိုယ်ပိုင်အထက်တန်းကျောင်း Grade-9မှ မအေးချမ်းဖြူဖြူ (၃/ဘအန(နိုင်)၄၆၃၈၈၈) အား ယနေ့မှစ၍ မလင်းသူဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မလင်းသူဟန်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်ခိုင်လင်းဦး ၇/သဝတ(နိုင်)၀၈၇၈၅၀၏ ဖခင် ဦးစန်းလှိုင်နှင့် ဦးကျော်စိုးသည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ်(င.၅)၊ ဦးပိုင်အမှတ်(၃၂)၊ ၆၅လမ်း၊ (၁၀၉x၁၁၀)လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးညွန့်မောင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၉၂၈/၂၀၂၃)ဖြင့် အမွေဆက်ခဲ့သည့် ဇနီးဖြစ်သူ ဒေါ်ခင်တုပ်(ခ)ဒေါ်ခင်တုတ်၏ (SP ရရှိသူ ဒေါ်စီရှင်း ယွင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၀၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လီဆွေရှန်း ၁၃/ကခန(နိုင်)၀၄၂၂၁၇က အမှုတွဲအမှတ် ၀၆၅၆/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၁၈)၊ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ဒသမ၀၂၂၈)ဧက အကျယ်အဝန်းရှိ ဦးကျော်ရွှေ အမည်ပေါက်ဂရန်မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်လာခဲ့ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သောင်းရွှေ(ဘ)ဦးပု ၁၂/ လကန(နိုင်)၁၀၁၈၀၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲ ပြောင်းဝယ်ယူရန် ရောင်းကြေးငွေအချို့အဝက်ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှဝင်းသန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၄၄)**
**၆၅-လမ်း၊ ၃၂x၃၃လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၈၆၂၀၅၁၃၄၄**

### သွာနုတ္တသမီးအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျိုက်မရောမြို့၊ လှကဇိုင်းကျေးရွာအုပ်စု၊ တောင်ကလေးကျေးရွာနေ ဒေါ်တင်တင်နွဲ့ (ဘ)ဦးချစ်စံ (၁၀/ကမရ(နိုင်)၀၁၉၀၀၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေသမီးဖြစ်သူ မနှင်းအေးနွယ် (ဘ)ဦးအောင်သိန်း (၁၀/ကမရ(နိုင်)၀၉၉၂၂၂)သည် မိခင်၏ ပြောဆိုဆုံးမမှုအား လိုက်နာခြင်းမရှိဘဲ နေအိမ်မှထွက်ခွာသွားပြီး မိခင် ဒေါ်တင်တင်နွဲ့ကိုလည်း စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုလုပ်သဖြင့် မိခင် ဒေါ်တင်တင်နွဲ့မှာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲမှုများဖြစ်ပေါ်ခံစားနေရပါသည်။ ယနေ့မှစ၍ သမီးဖြစ်သူ မနှင်းအေးနွယ်အား သွာနုတ္တသမီးအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း မနှင်းအေးနွယ်နှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ မနှင်းအေးနွယ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဤကြော်ငြာစာသတင်းစာတွင်ပါသည့်ရက်မှစ၍ မနှင်းအေးနွယ်သည် ဒေါ်တင်တင်နွဲ့၏ အမွေစား အမွေခံသမီး တစ်ဦးမဟုတ်တော့သောကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်တင်နွဲ့နှင့် အဆက်အသွယ် အပြောအဆိုပြုလုပ်ခြင်း လုံးဝမပြုလုပ်ရန် အသိပေးကြေညာလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်တင်တင်နွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်တင်တင်နွဲ့** | **ဒေါ်အေးအေးဖြိုး (LL.B)** |
| **တောင်ကလေးကျေးရွာ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၀၄)** |
| **လှကဇိုင်းကျေးရွာအုပ်စု၊** | **အမှတ် ၁၂၅H၊ အောင်ချမ်းသာ ၂လမ်း၊** |
| **ကျိုက်မရောမြို့** | **မောင်ငံရပ်၊မော်လမြိုင်မြို့၊ဖုန်း-၀၉-၄၂၅၃၆၆၁၄၁** |

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)၊ ဦးပိုင်အမှတ် (၆)၊ ခတ္တာလမ်း၊ ၄၆x၄၇ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးအောင်မြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၇၀၁/၂၀၂၁)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်နှင်းဆီ ၉/မရမ(နိုင်)၀၀၇၁၇၄၏ (GP ရရှိသူ ဒေါ်အင်ခမ်း)က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် ၀၆၆၁/၂၀၂၄-၂၀၂၅ ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပြည့်ညင်ကျေးရွာအုပ်စု၊ ပြည့်ညင်ကျေးရွာနေ ဦးစောအေး၏ သားကျွန်တော် မောင်အောင်သူရိန် ၈/တတက(နိုင်) ၁၅၃၆၁၃၏ ယခင်နိုင်ငံကူး လက်မှတ်အမှတ် (MD-887325)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၄၁၇၀၁၅၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ အကွက်အမှတ်(၄၄/မန်ဆူဘုရားကုန်း)၊ ဦးပိုင်(၁၃၅)၊ ဧရိယာ (၀ဒသမ ၂၂၃)ဧက၊ အမှုတွဲအမှတ် ၆၄၇-၅/၁၉၉၈-၁၉၉၉(အေ) ဖြင့် ဦးရန်ဖူးယုံ ပိုင်ဆိုင်ပြီး ၎င်းသည် ၁၄-၁၁-၂၀၀၅ ရက်တွင် ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်ဂျင်းဂျားဟော ၁၃/လရန(နိုင်)၀၆၃၂၉၅မှ အမွေဆက်ခံ ပိုင်ဆိုင်ပြီးဖြစ်၍ အမည်ပြောင်းထပ်မံ အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက (၁၅)ရက် အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ ထနောင်းတောကျေးရွာအုပ်စု၊ တောဘိုကုန်းကျေးရွာနေ ဦးအောင်မျိုးဦး၏ သားကျွန်တော် မောင်အောင်ဖြိုးဦး ၈/မဘန(နိုင်)၁၉၆၀၇၆၏ ယခင်နိုင်ငံကူး လက်မှတ်အမှတ် (MG-153604)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၃၀၇၉၄၁

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ ၁၃လမ်း-မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေတိုင်း ရပ်ကွက်အမည် ) ပေါင်းလောင်း-၂၊ ( လူနေရပ်ကွက်အမှတ် - ရွာကောက်ရပ်ကွက်၊ မြေကွက်အမှတ်) ၁၇၁၅၊ မြေအမျိုးအစား - မြို့မြေ၊ မြေဧရိယာ(၀.၀၅၅)ဧက၊ ( အလျား ၆၀ပေx အနံ ၄၀ပေ) အကျယ်အဝန်းရှိ နှစ်(၃၀)၊ မြေငှားဂရန်မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ချိုချိုမြင့်ထံမှ ပျဉ်းမနားမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာရယူထားသူ ဦးသက်နောင်ထွန်း (၉/ပမန(နိုင်)၁၆၅၆၁၅)မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အားအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား မူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, DI.L) အထက်တန်းရှေ့နေ (စဉ်-၄၈၉၆၅)**

**ဒေါ်ပြည့်ပြည့်ဖြိုးအောင်(LLB) အထက်တန်းရှေ့နေ (စဉ်-၅၆၁၃၄)**

**ဒေါ်ခိုင်ဇင်ဝင်း(LLB) အထက်တန်းရှေ့နေ (စဉ်-၅၆၂၁၉)**

**တိုက်အမှတ် (N-1)၊ အခန်းအမှတ် (303)၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၇၂၀၀၄၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆/အနောက်)ရပ်ကွက်၊ ဇမ္ဗူသီရိ(၆)လမ်း(အရှေ့)၊ အမှတ် (၃၇၇/က)၊ (၁)ခန်းတည်း RC(၆)ထပ် တိုက်ခန်းအဆောက်အအုံ၏ မြေညီထပ်အခန်း၊ ဧရိယာ(၈၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဝသုန်ဖြိုး ၁၄/ပသန(နိုင်)၂၀၇၇၃၈ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်မင်းသိန်း ၅/တဆန(နိုင်) ၁၂၈၂၅၈ ၊ ဒေါ်ဂျူးဂျူးမေအောင် ၁၂/သဃက(နိုင်)၁၆၃၁၂၅တို့က အပြီးအပြတ် ဝယ်ယူရန် စရန်တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မင်းသိန်း၊ ဒေါ်ဂျူးဂျူးမေအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**

**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်း(၂၆)လမ်း၊ အမှတ်(၇၁၂)မြေပေါ်တွင် ကန်ထရိုက်တာ ဦးကြည်စိုး ၁၂/ကမရ(နိုင်)၀၃၉၅၆၂ကိုယ်တိုင် ဆောက်လုပ်ထားသော ၂ခန်းတွဲ(၆ထပ်တိုက်) တိုက်ခန်းများအနက်မှ ဒုတိယထပ်(ခြေရင်းခန်း) အကျယ်အဝန်း (၁၈ပေ x ၅၄ ပေ) တိုက်ခန်းအပါအဝင် ရေစက်နှင့် မီးမီတာ အစရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ် သန္တာအောင် ၁၂/မဂတ(နိုင်) ၀၀၅၀၄၅ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ဖြူဖြူသန့် ၆/မမန(နိုင်) ၁၄၄၁၂၂မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှ စ၍ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူသန့်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာမြင့်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၅၁)(၁၃-၉-၂၀၁၂)**

**ဒေါ်မြတ်နိုးခင်(LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၁၅၀)(၃၀-၆-၂၀၂၀)**

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးကားဝင်း၊ စစ်မှုထမ်းဟောင်းလမ်း၊ အမှတ်(ဗ-၇)/(ဗ/၈)ဆိုင်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ပါလိပ်စာရှိ ဆိုင်ခန်းများသည် ဥပဒေနှင့်အညီ လက်ဝယ် ထားရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်သည်ဟုဆိုလာသူ ဦးသူရ ၁၂/လသယ(နိုင်) ၀၂၅၄၈၇ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူမည်သူမဆိုတို့က ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ လက်ဝယ်ထားရှိပိုင်ဆိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်ဇော် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅) B.Sc,PGDL,HGP,WIPO(Switzerland)**

**ဒေါ်အိအိဖြူ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၈၀) LL.B,DLP,WIPO(Switzerland)**

**အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၆၁၇၁၉၁၄၊ ၀၉-၇၆၃၈၀၈၇၉၁**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတလမ်း၊ တိုက်အမှတ်(၄၂၅/ခ)၊ (၁)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦး၏ အခန်းအမှတ်(၆-လွှာ)(ပဥ္စမထပ်)၊ အကျယ်အဝန်း(၁၈ပေ× ၅၄ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ချောနနိုင်(၁၂/မရက(နိုင်) ၁၅၂၃၁၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးဇော်မျိုးနိုင်** LL.B, D.B.L အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)

**ဒေါ်ဆောင်းဝတ်ရည်နှင်း** LL.B, D.B.L အထက်တန်းရှေ့နေ(စဉ်-၅၀၅၇၃)

အမှတ်(၇၂/မြေညီထပ်)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉-၇၉၆၇၆၇၇၂၅

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## ကလောခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၃

| | | |
|---|---|---|
| ၁။ ဦးညဏ်တင် | နှင့် | ၁။ ဦးညဏ်ရင် (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်သီတာလွင်) |
| ၂။ ဒေါ်ဖူးဖူးမောင် | | ၂။ ဒေါ်ခင်ထားရီ |
| ၃။ ဒေါ်ချိုချိုဦး | | ၃။ ဦးအောင်ခိုင် |
| | | ၄။ ဦးရှုမောင် |
| | | ၅။ ဦးအောင်ဝင်း |
| | | ၆။ ဒေါ်ဆန်းဆန်းညွန့် |
| (လျှောက်ထားသူများ) | | (လျှောက်ထားခံရသူများ) |

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ စစ်မှုထမ်းဟောင်းရုံးအနီး၊ ရှမ်းမင်းသားဟိုတယ်ရှေ့၊ စစ်တောင်းလမ်း၊ ရပ်ကွက် (၈) နေ (၅) လျှောက်ထားခံရသူ ဦးအောင်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ပြင်ဆင်မှုလျှောက်ထားသူက ဤရုံးသို့ ကလောမြို့နယ်တရားရုံး၏ တရားမကြီးမှု အမှတ် -၁၇/၂၀၂၃အမှုတွင် (၂၀-၁၁-၂၀၂၃) ရက်စွဲတွင်ချမှတ်သည့်အမိန့်အပေါ် ကျေနပ်မှုမရှိပါသဖြင့် ပြင်ဆင်မှုလျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန်၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်(၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ် ၊ မေလ ၁၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထင်ကျော်)
ခရိုင်တရားသူကြီး
ကလောခရိုင်တရားရုံး

## ဖခင်အမည်မှန်

ရွှေပြည်အေးမြို့ အထကကျောင်းမှ မအိချမ်းဝင်း G.9 နှင့် မအိချမ်းလင်း G.6 တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွေး ၈/ခမန(နိုင်)၂၄၃၉၄၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရွှေပြည်အေးမြို့ အထကကျောင်းမှ မဖြိုးသီရိကျော် G.4၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွေး ၈/ခမန(နိုင်) ၂၄၃၉၄၇ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အထက (နောင်ကိုင်တော်) Grade-6 မှ မောင်ဇော်မင်းဦး၏ မိခင်အမည်မှန်မှာ ဒေါ်မာယာဒေဝီ ၉/မကန(နိုင်)၁၅၃၀၀၂ ဖြစ်ကြောင်း။

**ဒေါ်မာယာဒေဝီ**

